
http://www.dhammadownload.com

ဇနီးမောင်နှံနှစ်ဦးတို့
ပစ္စုပ္ပန် သံသရာ ရွှေလက်တွဲ၍
သာယာချမ်းမြေ့စွာ နေသွားနိုင်ကြစေရန်
မြတ်စွာဘုရား ဟောမိန့်ကြားခဲ့သည့်
နည်းလမ်းများ



သာမဏေကျော်
ရွှေလက်တွဲ၍

Than Myint Aung

သာမဏေကျော် • ရွှေလက်တွဲ၍

# သာမဏေကျော်
## ရွှေလက်တွဲ၍



http://www.dhammadownload.com

## ဒို့တာဝန်အရေး ၃ ပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

http://www.dhammadownload.com

သာမဏေကျော်

# ရွှေလက်တွဲရျ

ပါရမီ

(၈၆၀

http://www.dhammadownload.com

**ရွှေလက်တွဲ၍**
ပထမအကြိမ်၊ ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ    သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၁၂/ ၂၀၀၂(၂)နှင့်
စာမူခွင့်ပြုချက်အမှတ် ၆၇/ ၂၀၀၂(၁)တို့အရ
ဦးတင်ရှိန်(၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/၁၇၇၊ မေခလမ်း၊
ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာ က ထုတ်ဝေ၍
မျက်နှာဖုံးနှင့် အတွင်းစာသားကို ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)၊
ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ က
ပုံနှိပ်သည်။

**တန်ဖိုး ၆၀၀ ကျပ်**

ပါရမီစာပေ
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | မခွဲမခွာနေလိုကြပါလျှင် | ၅ |
| ၂။ | ဇနီးမောင်နှံ ၄ မျိုး | ၁၁ |
| ၃။ | ဖခင်ရဲ့စကား နားထောင်သူ | ၁၅ |
| ၄။ | ဝိသာခါအတွက် ဩဝါဒ ၁၀ ချက် | ၃၂ |
| ၅။ | ကြာရှည်စွာ ပစ္စည်းပေါချင်ရင် | ၃၇ |
| ၆။ | မကြာခင် စီးပွားတက်ချင်ရင် | ၃၈ |
| ၇။ | မိုက်ရာမှ လိမ္မာလာသူ | ၄၀ |
| ၈။ | တိမ်ဖုံးရာမှ သာတဲ့လ | ၄၅ |
| ၉။ | လျှာနဲ့သွား | ၄၈ |
| ၁၀။ | ချင့်ချိန်ပြောပါ | ၅၀ |
| ၁၁။ | စည်းစိမ်ရှင်များ သိထားသင့်ပါ | ၅၂ |
| ၁၂။ | ထမင်းချက်ချိန် | ၅၄ |
| ၁၃။ | အသက်ရှည်လိုလျှင် | ၅၇ |
| ၁၄။ | လူနာပြုစုတဲ့အခါ | ၅၉ |
| ၁၅။ | ချမ်းသာ ၄ မျိုး | ၆၁ |
| ၁၆။ | အကြွေးဒုက္ခ | ၆၃ |
| ၁၇။ | နတ်ပြည်ရောက်မယ့်အမျိုးသမီး | ၆၄ |
| ၁၈။ | သင်က ဘယ်လိုမယားလဲ | ၆၇ |

http://www.dhammadownload.com




၁၉။ ကြည့်ပေါင်းပါ ၇၁

၂၀။ ပျားနဲ့ခြကို အတုယူ ၇၃

၂၁။ ၄ ပုံ ပုံပါ ၇၄

၂၂။ မိတ်ဆွေအင်္ဂါအဖြာဖြာ ၇၅

၂၃။ ရှောင်လေဝေးဝေး မူးယစ်ဆေး ၇၉

၂၄။ ချိန်ခါမဲ့မှာ ခရီးမသွားရာ ၈၀

၂၅။ ပွဲနဲ့ စီးပွား ၈၁

၂၆။ လောင်းကစားနဲ့ စီးပွား ၈၂

၂၇။ မိတ်မကောင်း ၆ ယောက် ၈၃

၂၈။ လူပျင်းမဖြစ်ပါနဲ့ ၈၄

၂၉။ အတုယူကာ ကျင့်သုံးပါ ၈၅

၃၀။ နှစ်ဖက်မြင် ၈၇

၃၁။ ပြုစုကြပါ ၈၉

၃၂။ ကိုယ့်အိမ်ထဲက ပြဿနာတွေ ၉၀

၃၃။ ပထမဆုံးဆရာနှစ်ယောက် ၉၂

၃၄။ ကျေးမင်းရဲ့စကားသုံးခွန်း ၉၃

http://www.dhammadownload.com

# မခွဲမခွာ နေလိုကြပါလျှင်

တစ်ချိန်မှာ ဘုရားရှင်ဟာ အဂ္ဂတိုင်း၊ သုသုမာရဂိရိ မြို့က သားကောင်တို့အား ဘေးမဲ့ပေးထားတဲ့ ဘေသကဠာ တောမှာ သီတင်းသုံးတော်မူပါတယ်။ အဲဒီအခါ ဘုရားရှင်က နံနက်ပိုင်းမှာ သင်းပိုင်ကို ပြင်ဆင်ဝတ်ပြီး သပိတ် သင်္ကန်းကို ယူကာ နကုလပိတာသူကြွယ်ရဲ့အိမ်သို့ ကြွတော်မူပါတယ်။ ကြွပြီး ခင်းထားတဲ့နေရာမှာ ထိုင်တော်မူပါတယ်။ အဲဒီအခါ နကုလပိတာသူကြွယ်နဲ့ နကုလမာတာသူကြွယ်မဟာ ဘုရား ရှင်ထံလာပြီး ဘုရားရှင်ကို ရှိခိုးကာ သင့်တော်ရာအရပ်မှာ ထိုင်ကြပါတယ်။ ထိုင်ပြီး နကုလပိတာသူကြွယ်က ဘုရားရှင် ကို အောက်ပါစကားကို လျှောက်ထားပါတယ်။

'မြတ်စွာဘုရား တပည့်တော်ဟာ ငယ်ရွယ်တဲ့ နကုလ မာတာသူကြွယ်မကို တပည့်တော်ငယ်စဉ်ကပဲ ခေါ်ဆောင်ခဲ့၊ လက်ထပ်ခဲ့ပါတယ်။ တပည့်တော်ဟာ နကုလမာတာ သူ ကြွယ်မကို ကျော်လွန်ပြီး အခြားမိန်းမကို စိတ်နဲ့တောင် ကျူးလွန်တာကို မသိပါ။ ကိုယ်နဲ့ကျူးလွန်ဖို့ဆိုတာ ဝေးပါ သေးတယ်။ တပည့်တော်တို့ဟာ ဒီဘဝမှာလည်း တစ်ယောက် ကိုတစ်ယောက် မြင်ချင်ကြပါတယ်။ နောက်ဘဝမှာလည်း တစ်ယောက်ကိုတစ်ယောက် မြင်ချင်ကြပါတယ်ဘုရား'

http://www.dhammadownload.com



နကုလမာတာသူကြွယ်မကလည်း နကုလပိတာ သူကြွယ်လိုပဲ ဘုရားရှင်ကို လျှောက်ထားပြန်ပါတယ်။

အဲဒီအခါ ဘုရားရှင်က ဒီလိုမိန့်တော်မူပါတယ်။

'နကုလပိတာနဲ့ နကုလမာတာတို့၊ ဇနီးမောင်နှံ နှစ်ယောက်ဟာ ဒီဘဝမှာလည်း တစ်ယောက်ကိုတစ်ယောက် မြင်ချင်ကြရင်၊ နောက်ဘဝမှာလည်း တစ်ယောက်ကို တစ်ယောက် မြင်ချင်ကြရင် ဇနီးမောင်နှံနှစ်ယောက်စလုံးပဲ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ်မှာ ယုံကြည်မှုသဒ္ဓါ တူကြရမယ်။ ငါးပါးသီလ လုံခြုံတာချင်းလည်း တူကြရမယ်၊ အလှူဒါန ပြုတာချင်းလည်း တူကြရမယ်၊ အသိပညာချင်းလည်း တူကြရမယ်။ အဲဒီဇနီးမောင်နှံဟာ ဒီဘဝမှာလည်း တစ်ယောက်ကိုတစ်ယောက် မြင်ကြရတယ်။ နောက်ဘဝမှာလည်း တစ်ယောက်ကိုတစ်ယောက် မြင်ကြရတယ်။'

'ဇနီးမောင်နှံနှစ်ယောက်ဟာ သဒ္ဓါရှိကြမယ်၊ အလှူခံတွေရဲ့ စကားအဓိပ္ပာယ်ကို နားလည်ကြမယ်၊ သီလစောင့်ထိန်းကြမယ်၊ တရားသဖြင့် အသက်မွေးကြမယ်၊ အချင်းချင်း ချစ်ဖွယ်စကား ပြောကြမယ်ဆိုရင် အဲဒီဇနီးမောင်နှံနှစ်ယောက်မှာ ကြီးပွားတိုးတက်မှုတွေ များလာကြမယ်။ ချမ်းချမ်းသာသာ နေကြရမယ်။ မလိုလားသူ ရန်သူတွေမှာ စိတ်ဆင်းရဲကြရမယ်။ သီလတူမျှတဲ့ ဇနီးမောင်နှံနှစ်ယောက်ဟာ ဒီဘဝမှာ တရားကို ကျင့်သုံးကြလို့ နောက်ဘဝမှာ နတ်ပြည်ရောက်ကာ ဝမ်းသာပျော်ရွှင်နေကြရမယ်' (အံ၊ ပါဠိ၊ ၀၊ ၃၇၂၊ ၃)

http://www.dhammadownload.com



အသိပညာချင်း တူကြရမယ်ဆိုရာမှာ သူတစ်ပါး ပစ္စည်းကို အပိုင်စီးလိုမှု၊ သူတစ်ပါးကို သေကျေပျက်စီးစေလို မှု၊ ပျင်းရိတိုင်းမှိုင်းမှု၊ စိတ်ပျံ့လွင့်ပူပန်မှု၊ သို့လောသို့လော တွေးတော ယုံမှားမှုတွေ လွှမ်းမိုးခံရတဲ့စိတ်နဲ့ နေသူဟာ မလုပ်သင့်တာကို လုပ်တယ်၊ လုပ်သင့်တာကို မလုပ်ဘူး။ အဲဒီတော့ အခြေအရံနဲ့ ချမ်းသာတွေ လက်လွတ်ဆုံးရှုံးသွား တယ်။

အပိုင်စီးလိုမှု၊ သေကျေပျက်စီးလိုမှု၊ ပျင်းရိထိုင်းမှိုင်းမှု၊ စိတ်ပျံ့လွင့် ပူပန်မှု၊ ယုံမှားမှုတွေဟာ စိတ်ရဲ့အညစ်အကြေး တွေပဲလို့ ဘုရားတပည့်ဖြစ်သူဟာ သိပြီး အဲဒီစိတ်အညစ် အကြေးတွေကို ပယ်ရှားတယ်။ အဲဒီစိတ်အညစ်အကြေးတွေ ကို ပယ်ရှားနိုင်တဲ့ အသိပညာရှိတာချင်း တူကြရမယ်လို့ ဆိုလိုပါတယ်။ (အံ၊ ပါဠိ၊ ပ၊ ၃၇၈)

ဒီဘုရားစကားတော်အရ နကုလပိတာနဲ့ နကုလမာတာ တို့လို ဒီဘဝမှာရော နောင်ဘဝသံသရာမှာပါ တစ်ယောက်ကို တစ်ယောက် မြင်တွေ့ကာ ထာဝရခရီးဖော် ဖြစ်လိုသူတို့ဟာ သဒ္ဓါ၊ သီလ၊ ဒါန၊ ပညာတွေမှာ တူမျှအောင် ကြိုးစားရပါ မယ်။

ဒီနေရာမှာ နကုလပိတာနဲ့နကုလမာတာတို့အကြောင်း ကို သိသင့်ပါတယ်။

ဘုရားရှင်ဟာ ရဟန်းအပေါင်းခြံရံပြီး ခရီးလှည့်လည်

http://www.dhammadownload.com



တဲ့အခါ **သုသုမာရဂိရိမြို့**ကို ရောက်တော့ ဘေသကဠာတော မှာ သီတင်းသုံးပါတယ်။ အဲဒီအခါ နကုလပိတာက သုသု မာရဂိရိ မြို့သူမြို့သားတို့နဲ့အတူ ဘုရားရှင်ထံ သွားပါတယ်။ နကုလပိတာရော နကုလမာတာပါ ဘုရားရှင်ကို မြင်မြင်ချင်း ပဲ 'သူဟာ ငါတို့ရဲ့သားပဲ' လို့ အမှတ်ပြုကာ ဘုရားရှင်ရဲ့ ခြေရင်းမှာ ပျပ်ဝပ်ပြီး 'ချစ်သား သင်ဟာ ဒီလောက်အချိန် ပတ်လုံး ငါတို့ကို စွန့်ပြီး ဘယ်ကိုသွားနေတာလဲ' လို့ ပြောပါတယ်။

ဒီနကုလပိတာဟာ ရှေ့ဘဝတွေမှာ ဘဝ ၅၀၀ တိုင် တိုင် ဘုရားရှင်ရဲ့ဖခင်ဖြစ်ခဲ့ပါတယ်။ ဘထွေး(အဖေ၏ညီ) ဘဝ ၅၀၀၊ ဘကြီး (အဖေ၏အစ်ကို) အဖြစ်နဲ့ ဘဝ ၅၀၀၊ ဦးလေး (အမေ၏မောင်) အဖြစ်နဲ့ ဘဝ ၅၀၀ ဖြစ်ခဲ့ပါတယ်။ နကုလမာတာကလည်း ဘုရားရှင်ရဲ့ အမေအဖြစ်နဲ့ ဘဝ ၅၀၀၊ မိထွေး (အမေ၏ညီမ) အဖြစ်နဲ့ ဘဝ ၅၀၀၊ မိကြီး (အမေ၏အစ်မ) အဖြစ်နဲ့ ဘဝ ၅၀၀၊ အရီး (အဖေ၏နှမ) အဖြစ်နဲ့ ဘဝ ၅၀၀ ဖြစ်ခဲ့ပါတယ်။

အဲဒီလို အချိန်ကြာမြင့်စွာ ချစ်ခင်ခဲ့မှုက လိုက်လာတဲ့ အတွက် ဘုရားရှင်ကို မြင်မြင်ချင်းပဲ သားလို့အမှတ်ပြုပြီး ကောင်းကောင်းရပ်တည်နိုင်စွမ်း မရှိခဲ့ကြပါ။ ဘုရားရှင်က သူတို့ရဲ့စိတ်မှာ သတိဝင်မလာမချင်း 'ဖဲသွားကြ' လို့ မမိန့်ခဲ့ ပါ။ သူတို့စိတ်တိုင်းကျဖြစ်ပြီး သတိရကာ အလယ်အလတ် အနေအထားရောက်မှ အလိုအရှာသယကို ကြည့်ပြီး ဘုရားက

http://www.dhammadownload.com



တရားဟောပါတယ်။ တရားဒေသနာအဆုံးမှာ ဇနီးမောင်နှံ နှစ်ယောက်စလုံး သောတာပန် ဖြစ်သွားကြပါတယ်။

ဘုရားရှင်ဟာ နောင် သူတို့အသက်ကြီးလာတဲ့အခါ နောက်တစ်ခေါက် အဲဒီသုသုမာရဂိရိမြို့ကို ကြွသွားပါတယ်။ သူတို့ဇနီးမောင်နှံက ဘုရားကြွလာတယ်လို့ကြားလို့ ဘုရားရှင် ထံသို့သွားပြီး တည်ခြင်းငါးပါးနဲ့ ရှိခိုးကာ အိမ်ကို ဆွမ်းဘုဉ်း ပေး ကြွဖို့ ပင့်ကြပါတယ်။ နောက်တစ်နေ့အိမ်မှာ ဘုရား အမှူးရှိတဲ့ ရဟန်းအပေါင်းကို အကောင်းစားအရသာအမျိုးမျိုး တွေနဲ့ ပြုစုလုပ်ကျွေးကြပါတယ်။ ဘုရားရှင် ဆွမ်းဘုဉ်းပေး ပြီးတဲ့အခါ ချဉ်းကပ်ပြီး သင့်တော်ရာအရပ်မှာ ထိုင်ကာ အစမှာ ဖော်ပြခဲ့တဲ့အတိုင်း လျှောက်ထားကြလို့ ဘုရားရှင်က ဖော်ပြခဲ့တဲ့ တရားတော်ကို ဟောကြားတော်မူပါတယ်။ ဘုရား ရှင်က သူတို့ဇနီးမောင်နှံကို ဘုရားရှင်နဲ့ ရင်းနှီးကျွမ်းဝင်သူ လူဝတ်ကြောင်တွေထဲမှာ အသာဆုံးပုဂ္ဂိုလ်တွေအဖြစ် သတ် မှတ်ထားရှိကာ မိန့်တော်မူခဲ့ပါတယ်။

(အံ၊ ပါဠိ၊ ပ၊ ၃၀၇၊ ၈)

ဒီဇနီးမောင်နှံဟာ ဘုရားရှင်နဲ့ အရင်းနှီးဆုံး လူဝတ် ကြောင်တွေဖြစ်လို့ ဘုရားရှင်ကို ဒီလိုရင်းနှီးပွင့်လင်းတဲ့စကား ကို လျှောက်ထားမေးမြန်းတဲ့အတွက် အခြားဇနီးမောင်နှံတွေ လည်း ဘုရားရှင် ဟောကြားတဲ့တရားကို သိခွင့်ရကြပါတယ်။ ဒီဇနီးမောင်နှံလို အချစ်ကြီးကြတဲ့ ဇနီးမောင်နှံတွေလည်း

http://www.dhammadownload.com



လောကမှာ များစွာပဲ ရှိပါလိမ့်မယ်။ ဒီဘဝမှာသာမက ဘဝ သံသရာမှာပါ မခွဲမခွာ နေလိုကြသူ ဇနီးမောင်နှံတွေဟာ ဒီဘုရားတရားနဲ့အညီ နေနိုင်အောင် ကြိုးစားကြရပါမယ်။

http://www.dhammadownload.com

# ဇနီးမောင်နှံ ၄ မျိုး

တစ်ချိန်က ဘုရားရှင်ဟာ မဓုရာမြို့နဲ့ ဝေရဉ္စာမြို့ အကြား ခရီးရှည် ကြွတော်မူပါတယ်။ များစွာသော အိမ်ရှင် အမျိုးသား၊ အမျိုးသမီးတွေဟာလည်း အဲဒီခရီးကိုပဲ သွား ကြပါတယ်။ သူတို့ကတော့ သတို့သမီးကို ဆောင်ယူခြင်း၊ သတို့သမီးကို ပေးခြင်းကိစ္စတွေကို ပြုလုပ်ဖို့ သွားကြတာ ဖြစ်ပါတယ်။ အဲဒီအခါ ဘုရားရှင်က လမ်းကဖဲဆင်းပြီး သစ်ပင်ရင်းမှာ ထိုင်တော်မူပါတယ်။ အဲဒီအိမ်ရှင်အမျိုးသား၊ အမျိုးသမီးတွေကလည်း ဘုရားရှင် သစ်ပင်ရင်းမှာထိုင်နေ တာကို မြင်ကြပါတယ်။ ဒါကြောင့် ဘုရားရှင်ထံ သွားပြီး ဘုရားရှင်ကို ရှိခိုးကာ သင့်တော်ရာအရပ်မှာ ထိုင်နေကြပါ တယ်။ ထိုင်နေတဲ့ အဲဒီအမျိုးသား၊ အမျိုးသမီးတွေကို ဘုရား ရှင်က ဒီစကားတွေကို မိန့်ကြားတော်မူပါတယ်။

'အမျိုးသား အမျိုးသမီးတို့၊ ပေါင်းသင်းနေထိုင်ခြင်း ၄ မျိုး ရှိတယ်'

၁။ သူသေမိန်းမနဲ့ သူသေယောကျ်ား ပေါင်းသင်း နေ ထိုင်ခြင်း (ဂုဏ်အားဖြင့် သေနေလို့ သူသေလို့ဆိုခြင်း ဖြစ်ပါတယ်။)

http://www.dhammadownload.com



၂။ နတ်သမီးနဲ့ သူသေယောကျ်ား ပေါင်းသင်းနေထိုင်ခြင်း။ (ဂုဏ်အားဖြင့် နတ်သမီးလို ဖြစ်နေတာကို ဆိုလိုပါတယ်။)

၃။ သူသေမိန်းမနဲ့ နတ်သားပေါင်းသင်းနေထိုင်ခြင်း။

၄။ နတ်သမီးနဲ့ နတ်သား ပေါင်းသင်းနေထိုင်ခြင်း။

၁။ ဇနီးမောင်နှံနှစ်ယောက်စလုံး သူတစ်ပါးအသက်သတ်တယ်၊ သူတစ်ပါးဥစ္စာ ခိုးတယ်။ ကာမကျူးလွန်ဖောက်ပြားတယ်။ လိမ်ညာတယ်။ ထန်းရည်၊ အရက်၊ မူးယစ်ဆေးဝါး သုံးစွဲတယ်။ သီလမရှိ။ အကျင့်ဆိုးတယ်။ နှမြောတယ်။ သူတော်ကောင်း ရဟန်း ပုဏ္ဏားတွေကို ဆဲရေးတယ်။ ခြိမ်းခြောက်တယ်။ ဒီပေါင်းသင်းခြင်းဟာ သူသေအချင်းချင်း ပေါင်းသင်းကြခြင်းဖြစ်တယ်။

၂။ ယောကျ်ားက အထက်ကအတိုင်းပဲ မကောင်းတာတွေကို လုပ်တယ်။ မိန်းမကတော့ ပြောင်းပြန်ပဲ။ သူတစ်ပါးအသက် မသတ်၊ သူတစ်ပါးဥစ္စာ မခိုး၊ ကာမ မဖောက်ပြား၊ မလိမ်ညာ၊ ထန်းရည်၊ အရက် မူးယစ်ဆေးဝါး မသုံးစွဲ၊ သီလရှိတယ်။ အကျင့်ကောင်းတယ်။ မနှမြော၊ သူတော်ကောင်း ရဟန်း ပုဏ္ဏားတွေကို မဆဲရေး၊ မခြိမ်းခြောက်၊ ဒီပေါင်းသင်းခြင်းဟာ နတ်သမီးနဲ့ သူသေယောကျ်ား ပေါင်းသင်းကြခြင်းဖြစ်တယ်။

http://www.dhammadownload.com



၃။ မိန်းမက အထက်က မကောင်းတာတွေကို လုပ်ပေမယ့် ယောကျ်ားကတော့ မပြုလုပ်ဘဲ ရှောင်တယ်။ ဒီပေါင်းသင်းခြင်းဟာ သူသေမိန်းမနဲ့နတ်သား ပေါင်းသင်းကြခြင်း ဖြစ်တယ်။

၄။ ဇနီးမောင်နှံနှစ်ယောက်စလုံး အဲဒီမကောင်းတာတွေကို ရှောင်ကြတယ်။ ဒီပေါင်းသင်းခြင်းဟာ နတ်သမီးနဲ့ နတ်သား ပေါင်းသင်းကြခြင်း ဖြစ်တယ်။

(အံ၊ ပါဠိ၊ ပ၊ ၃၇၈၊ ၉)

နောက်တစ်နေရာမှာ ဟောတော်မူတဲ့အခါ ငါးပါးသီလ မလုံခြုံမှုကို ဒုစရိုက် ၁၀ ပါး ကျင့်မှုနဲ့ အစားထိုးကာ ဟောသွားပါတယ်။ ငါးပါးသီလ လုံခြုံမှုကို သုစရိုက် ၁၀ ပါး ကျင့်မှုနဲ့ အစားထိုးကာ ဟောသွားပါတယ်။

## ဒုစရိုက် ၁၀ ပါး

ကာယဒုစရိုက် = မကောင်းတဲ့ ကိုယ်ကျင့် ၃ ပါး၊
သူ့အသက်သတ်မှု၊ သူ့ဥစ္စာခိုးမှု၊ ကာမ ဖောက်ပြန်မှု၊

ဝစီဒုစရိုက် = မကောင်းတဲ့ နှုတ်ကျင့် ၄ ပါး၊
လိမ်ညာပြောမှု၊ ကုန်းတိုက်မှု၊ ကြမ်းကြမ်းတမ်းတမ်းပြောမှု၊ အကျိုးမရှိတဲ့စကားကိုပြောမှု၊

မနောဒုစရိုက် = မကောင်းတဲ့စိတ်ကျင့် ၃ ပါး၊

http://www.dhammadownload.com



သူတစ်ပါးပစ္စည်းကို အပိုင်စီးလိုမှု၊ သူ
တစ်ပါး သေကျေပျက်စီးလိုမှု၊ အယူလွဲမှားမှု၊
(ကံ ကံ၏အကျိုးကို မယုံကြည်မှု)

ဒီမကောင်းတဲ့ ကိုယ်ကျင့်၊ နှုတ်ကျင့်၊ စိတ်ကျင့်တွေမှ ရှောင်ကြဉ်မှု ၁၀ မျိုးဟာ ကောင်းတဲ့ ကိုယ်ကျင့်၊ နှုတ်ကျင့်၊ စိတ်ကျင့်တွေဖြစ်တယ်။ သုစရိုက် ၁၀ ပါးဖြစ်တယ်။

(အံ၊ ပါဠိ၊ ပ၊ ၃၇၀၊ ၁)

အဲဒီလို ဓနီးမောင်နှံ ၄ မျိုးဟာ ရှေးကလည်း ရှိခဲ့သလို ယခုလည်း ရှိနေပါတယ်။ နောင်လည်း ရှိပါလိမ့်မယ်။ ဓနီးမောင်နှံတွေဟာ နတ်သား၊ နတ်သမီး ပေါင်းသင်းနေထိုင်ခြင်းနဲ့ ပေါင်းသင်းနေထိုင်နိုင်အောင် ကြိုးစားကြရပါမယ်။ ဂုဏ်အားဖြင့် သေသူတွေ မဖြစ်အောင် ကြိုးစားကြရပါမယ်။ ဓနီးမောင်နှံနှစ်ယောက်ထဲက တစ်ယောက်ယောက်က ဂုဏ်အားဖြင့် သေသူဖြစ်နေခဲ့ရင် ဂုဏ်အားဖြင့် နတ်သား၊ နတ်သမီးစုံတွဲ ဖြစ်လာအောင် လက်တွဲခေါ်ဆောင်ကြရပါမယ်။ ဒီဘဝတစ်သက်တာသာမက ဘဝအဆက်ဆက်ပါ ထာဝရ လက်တွဲနိုင်အောင်၊ လက်တွဲမဖြုတ်ရအောင် အကောင်းဆုံး ဓနီးမောင်နှံတွေဖြစ်ဖို့ လိုအပ်လှပါတယ်။

# ဖခင်ရဲ့စကား နားထောင်သူ

## လင့်ဝတ္တရား ၅ ပါး

၁။ မိမိဇနီးကို ချီးမွမ်းစကား ပြောကြားပေးရခြင်း၊ (ချစ်ဖွယ်စကား ပြောပေးရခြင်း)

၂။ ကျွန်၊ အလုပ်သမားစသူတွေကို ရိုက်နှက်ပုတ်ခတ် ညှဉ်းဆဲပြီး စကားပြောကြသလို မိမိဇနီးကို ရှုတ်ချပြီး မပြောရ၊ မမြတ်မနိုး မပြောရ၊

၃။ မိမိဇနီးမှတစ်ပါး အခြားမိန်းမများနှင့် မဖောက်ပြားရ၊

၄။ မီးဖိုချောင်၌ မိမိ၏ဇနီးအား လုပ်ပိုင်ခွင့်အားလုံးကို ပေးရခြင်း၊

၅။ မိမိစီးပွားရေး အခြေအနေကို ကြည့်ကာ မိမိဇနီးအား တန်ဆာဆင်ပေးရခြင်း၊

(ပါထိကပါဠိ၊ ၁၅၄)

## မယားဝတ္တရား ၅ ပါး

၁။ ယာဂုကျိုချိန်၊ ထမင်းချက်ချိန်စသည်တွေကို မကျော်လွန်စေဘဲ အဲဒီအစားအစာကိစ္စကို လေးလေးစားစား ပြုလုပ်ရခြင်း၊

http://www.dhammadownload.com



၂။ မိမိခင်ပွန်းနှင့်တကွ အိမ်တွင်းလူတွေ၊ ဆွေမျိုးတွေအား ထိုက်သလို ချစ်ဖွယ်စကား ပြောပေးရခြင်း၊ စားသောက်စရာနှင့် အခြားမြတ်နိုးဖွယ်ပစ္စည်းတွေကို ပေးရခြင်း၊

၃။ မိမိခင်ပွန်းမှတစ်ပါး အခြားယောကျ်ားကို စိတ်နဲ့ သော်မှ မတောင့်တရခြင်း၊

၄။ ခင်ပွန်းက စုဆောင်းရှာဖွေပေးတဲ့ဥစ္စာကို စောင့်ရှောက်ပေးရခြင်း၊

၅။ အိမ်ရှင်မတွေ ပြုလုပ်ရမယ့် ယာဂုကျို၊ ထမင်းချက် စတဲ့ကိစ္စအားလုံးတွေမှာ ကျွမ်းကျင်ရခြင်း၊ မပျင်းရိရခြင်း၊

(ပါထိကပါဠိ၊ ၁၅၅)

အဲဒီလင့်ဝတ္တရား ၅ ပါး မယားဝတ္တရား ၅ ပါးတို့ အပြင် မိဘနဲ့ သားသမီး၊ ဆရာနဲ့တပည့်၊ မိတ်ဆွေသူငယ်ချင်း၊ အရှင်သခင်နဲ့ ကျွန် အလုပ်သမား၊ ရဟန်း ပုဏ္ဏားနဲ့ ဒကာတို့ရဲ့ ကျင့်ဝတ်တွေကိုလည်း ဘုရားရှင်က သိင်္ဂါလက မည်သော သူကြွယ်သားအား ဟောကြားတော်မူခဲ့ပါတယ်။

## သေခါနီး ဖခင်ရဲ့စကား

သိင်္ဂါလကရဲ့ဖခင်ဟာ ပစ္စည်းကြွယ်ဝသူ ဖြစ်ပါတယ်။ မြေကြီးထဲ မြှုပ်ထားခဲ့တဲ့ ဥစ္စာက သူ့အိမ်မှာ ကုဋေ

http://www.dhammadownload.com



၄၀ ရှိပါတယ်။ သိင်္ဂါလကရဲ့မိဘနှစ်ပါးဟာ သောတာပန် အရိယာပုဂ္ဂိုလ်တွေ ဖြစ်ကြပါတယ်။ ဒါပေမဲ့ သားဖြစ်သူ သိင်္ဂါလက ကတော့ ရတနာသုံးပါးအပေါ် မယုံကြည်ပါဘူး။ မကြည်ညိုပါဘူး။ မိဘနှစ်ပါးက သိင်္ဂါလကကို ဘုရားထံ သွားဖို့ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်မဟာ ကဿပ၊ ၈၀ သော မဟာသာဝကတွေထံသွားဖို့ မကြာခဏ ဆုံးမကြပါတယ်။

သိင်္ဂါလကက ဒီလိုပြောပါတယ်။

'ကျွန်တော့မှာ ခင်ဗျားတို့ရဲ့ရဟန်းတွေထံ ချဉ်းကပ်ဖို့ ကိစ္စမရှိ၊ ရဟန်းတွေထံသွားရင် ရှိခိုးရမယ်၊ ညွတ်ကိုင်းပြီး ရှိခိုးရင် ခါးနာမယ်၊ ဒူးတွေ ကြမ်းတမ်းကုန်မယ်၊ မြေကြီး ပေါ် ထိုင်ရမယ်၊ ထိုင်ရင် အဝတ်တွေ ညစ်နွမ်းဟောင်းနွမ်း ကုန်မယ်။ ရဟန်းတွေရဲ့အနီးမှာ ထိုင်တဲ့အချိန်ကစပြီး စကား ပြောရမယ်၊ ပြောရင် အကျွမ်းဝင်မယ်၊ အကျွမ်းဝင်ရင် ပင့် ဖိတ်ပြီး သင်္ကန်း ဆွမ်းစသည်တွေကို လှူရမယ်၊ အဲဒီလိုဆို ရင် အကျိုးဆုတ်ယုတ်မယ်။ ကျွန်တော့မှာ ခင်ဗျားတို့ရဲ့ ရဟန်းတွေထံ ချဉ်းကပ်ဖို့ ကိစ္စမရှိပါ'

အဲဒီလို သိင်္ဂါလကကို မိဘတွေက တစ်သက်လုံး ဆုံးမကြပေမယ့် မိဘတွေဟာ သိင်္ဂါလကကို သာသနာစာတ် ပါလာအောင် မဆွဲဆောင်နိုင်ကြပါ။ သိင်္ဂါလကရဲ့ဖခင်ဟာ သေရာညောင်စောင်းပေါ်မှာ လဲလျောင်းနေရင်း 'ငါ့သားအား အဆုံးအမ ပေးသင့်တယ်' လို့ တွေးပြီး ဒီလိုတွေးပြန်ပါတယ်။

http://www.dhammadownload.com



'ငါ့သား အရပ်ရှစ်မျက်နှာတွေကို ရှိခိုးလော့လို့ သူ့အား ဩဝါဒပေးမယ်။ သူဟာ အနက်အဓိပ္ပာယ်ကို မသိဘဲ အရပ်မျက်နှာတွေကို ရှိခိုးလိမ့်မယ်။ အဲဒီအခါ သူ့ကို ဘုရားကဖြစ်စေ၊ ဘုရားတပည့်တွေကဖြစ်စေ မြင်လို့ သင် ဘာလုပ်နေတာလဲလို့ မေးကြလိမ့်မယ်။ ငါ့ရဲ့ဖခင်က အရပ်မျက်နှာတွေကို ရှိခိုးပါလို့ ငါ့ကိုဆုံးမခဲ့တယ်လို့ ပြောလိမ့်မယ်။ အဲဒီအခါ သူ့အား ဘုရားနဲ့ ဘုရားတပည့်တွေက သင့်ဖခင်က အဲဒီ အရပ်မျက်နှာတွေကို ရှိခိုးခိုင်းတာ မဟုတ်ဘူး၊ ဒီအရပ်မျက်နှာတွေကို ရှိခိုးခိုင်းတာလို့ တရားဟောကြလိမ့်မယ်။ သူဟာ ဘုရားသာသနာမှာ ဂုဏ်ကို သိပြီး ကောင်းမှုကို ပြုလိမ့်မယ်'

အဲဒီအခါ သူ့ဖခင်က သိင်္ဂါလကကို ခေါ်ခိုင်းပြီး 'ငါ့သား နံနက်စောစောပဲ ထပြီး အရပ် ၆ မျက်နှာတို့ကို ရှိခိုးပါ' လို့ ပြောတယ်၊ သေရာညောင်စောင်းမှာ လဲလျောင်းနေသူရဲ့စကားဟာ တစ်သက်လုံး အမှတ်ရစရာ ဖြစ်ပါတယ်။ ဒါကြောင့် သိင်္ဂါလကဟာ ဖခင့်စကားကို သတိရလို့ နံနက်စောစောပဲ အိပ်ရာမှထကာ ရာဇဂြိုဟ်မြို့မှ ထွက်သွားပါတယ်။ အဝတ်စိုစို၊ ဆံပင်စိုစိုနဲ့ လက်အုပ်ချီကာ အရှေ့၊ တောင်၊ အနောက်၊ မြောက်၊ အောက်၊ အထက်ဆိုတဲ့ အရပ် ၆ မျက်နှာကို ရှိခိုးနေပါတယ်။

(ပါထိက၊ ဋ္ဌ၊ ၁၂၄၊ ပါဠိ၊ ၁၄၆)

http://www.dhammadownload.com



## အရပ်ခြောက်မျက်နှာရဲ့အဖြေ

ဒီအခါ ဘုရားရှင်က ရာဇဂြိုဟ်မြို့က ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးတာမို့နံနက်ပိုင်းမှာ သင်းပိုင်ကို ပြင်ဝတ်ပြီး သပိတ်၊ သင်္ကန်းကိုယူကာ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံဝင်ပါတယ်။ ဘုရားရှင်က သိင်္ဂါလက အဲဒီလို ရှိခိုးနေတာကို မြင်လို့ ဘာကြောင့်ရှိခိုးတာလဲလို့ မေးပါတယ်။ သိင်္ဂါလကက သူ့အဖေစကားကို ကောင်းကောင်းလိုက်နာလို၊ အလေးပြုလို၊ မြတ်နိုးပူဇော်လိုလို့ ရှိခိုးတဲ့အကြောင်းကို လျှောက်ပါတယ်။

'သိင်္ဂါလက၊ ဘုရားရှင်ရဲ့သာသနာမှာ အရပ် ၆ မျက်နှာတို့ကို အဲဒီလို ရှိမခိုးရဘူး'

'ဘယ်လို ရှိခိုးရမှာပါလဲဘုရား၊ တပည့်တော် တောင်းပန်ပါတယ်။ ရှိခိုးပုံ ရှိခိုးနည်းတရားကို တပည့်တော်အား ဘုရားရှင်ဟောပေးတော်မူပါ'

'သိင်္ဂါလက၊ ဒီလိုဆိုရင် နားထောင်ပါ၊ ကောင်းကောင်း စိတ်စိုက်ပါ၊ ငါဘုရား ဟောပြမယ်'

'မှန်ပါဘုရား' လို့ သိင်္ဂါလကက လျှောက်လို့ ဘုရားရှင်က ဟောတော်မူပါတယ်။

'သိင်္ဂါလက၊ ဘုရားတပည့်ဖြစ်သူဟာ ကိုယ့်ဘဝကို ညစ်နွမ်းစေတတ်တဲ့ သူ့အသက်သတ်မှု၊ သူ့ဥစ္စာခိုးမှု၊ သူများသားမယား ပြစ်မှားမှု၊ လိမ်ညာမှုတွေကို ပယ်ရှားရတယ်။ ချစ်လို့ဖြစ်စေ၊ မုန်းလို့ဖြစ်စေ၊ မသိလို့ဖြစ်စေ၊ ကြောက်လို့ဖြစ်

http://www.dhammadownload.com



စေ မလုပ်သင့်တဲ့ မကောင်းမှုကို မလုပ်ရဘူး။ စည်းစိမ်ဥစ္စာ ပျက်စီးကြောင်း ၆ ပါးကို ရှောင်ရှားရတယ်။ မကောင်းတဲ့ အဲဒီ ၁၄ မျိုးကိုရှောင်ရှားပြီး အရပ် ၆ မျက်နှာတွေနဲ့ ပတ်သက် ပြီး အပြစ်အနာအဆာ မဖြစ်အောင် (ဘေးမရောက်အောင်) ပြုမူဆက်ဆံရတယ်။ ဒီဘဝ၊ နောက်ဘဝ အကျိုးမဲ့တွေကို ရှောင်ရှားလွှမ်းမိုးနိုင်အောင် ကျင့်ရတယ်။ ဒီလိုဆိုရင် ဒီဘဝ မှာရော နောက်ဘဝမှာပါ ကျေနပ်စရာဖြစ်တယ်။ ရန်ကင်း တယ်၊ သေရင် နတ်ပြည်ရောက်တယ်'

'သိင်္ဂါလက၊ ဘုရားတပည့်ဖြစ်သူဟာ အရပ်၆မျက်နှာ တွေမှ ဘေးရောက်မလာအောင် ဘေးကင်းအောင် ဘယ်လို လုပ်ရမလဲ။ ဒီအရပ် ၆ မျက်နှာတွေကို သိထားရမယ်'

၁။ အရှေ့အရပ်ဆိုတာ မိဘနှစ်ပါး။

၂။ တောင်အရပ်ဆိုတာ ဆရာသမားများ။

၃။ အနောက်အရပ်ဆိုတာ သား သမီး၊ မယား။

၄။ မြောက်အရပ်ဆိုတာ မိတ်ဆွေ ဆွေမျိုးများ။

၅။ အောက်အရပ်ဆိုတာ ကျွန် အလုပ်သမားများ။

၆။ အထက်အရပ်ဆိုတာ ရဟန်းပုဏ္ဏားများ

လို့ မိန့်တော်မူပြီး မိဘနဲ့ သားသမီး၊ ဆရာနဲ့တပည့်၊ ခင်ပွန်း နဲ့ဇနီး၊ မိတ်ဆွေအပေါင်းအဖော်၊ အရှင်သခင်နဲ့ ကျွန် အလုပ် သမား၊ ရဟန်း ပုဏ္ဏားနဲ့ ဒကာတွေရဲ့ ကျင့်ဝတ်တွေကို ၅ ပါးစီ ဟောကြားသွားပါတယ်။

အဲဒီအခါ သိင်္ဂါလကဟာ ရတနာသုံးပါးကို ဆည်း

http://www.dhammadownload.com



ကပ်ကိုးကွယ်တဲ့ ဗုဒ္ဓသာသနာ၀င် ဖြစ်သွားပါတယ်။ ကုဋေ ၄၀ သော ဥစ္စာကို ဘုရားသာသနာမှာ စွန့်လွှတ်လှူဒါန်းကာ ကောင်းမှုပြုပြီး နတ်ပြည်ရောက်သွားပါတယ်။

(ပါထိကပါဠိ၊ ၁၄၆၊ ၁၅၇)

## အရပ်နဲ့ အကြောင်းပြု

မိဘတွေက သားသမီးတွေအပေါ် ရှေးဦးစွာ ကျေးဇူးပြုတတ်လို့ အရှေ့အရပ်၊ ဆရာတွေဟာ တပည့်တွေရဲ့ အလှူကို ခံယူထိုက်လို့ တောင်အရပ်၊ သား သမီး၊ မယားတွေဟာ ခရီးသွားတဲ့အခါ ခင်ပွန်းသည်ရဲ့နောက်ကျောက လိုက်ရလို့ အနောက်အရပ်၊ မိတ်ဆွေသွေမျိုးတွေဟာ သူကို့ကို အမှီပြုပြီး ထူးခြားတဲ့ ဆင်းရဲထိုထိုကို လွန်မြောက်စေလို့ မြောက်အရပ်၊ ကျွန် အလုပ်သမားတွေဟာ အရှင်သခင်ရဲ့ ခြေရင်းမှာ တည်ရ လို့ အောက်အရပ်၊ ရဟန်း ပုဏ္ဏားတွေဟာ ဂုဏ်တို့ဖြင့် အထက်မှာတည်လို့ အထက်အရပ်လို့ သိရပါတယ်။

(ပါထိကပါဠိ၊ ၁၃၅)

## သား သမီးဝတ္တရား ၅ ပါး

ဇနီးမောင်နှံနှစ်ယောက်စလုံးမှာ မိဘတွေ အသက်ထင်ရှားရှိတာလည်း ရှိမယ်၊ ကွယ်လွန်သွားတာလည်း ရှိမယ်။ မိဘတွေအပေါ် သားသမီးတွေက ပြုရမည့်ဝတ္တရား ၅ ပါး ရှိတယ်။

http://www.dhammadownload.com



၁။ မိမိတို့ကို ပြုစုလုပ်ကျွေးခဲ့တဲ့ မိဘတွေကို ခြေဆေးပေးခြင်း၊ ရေချိုးပေးခြင်း၊ ယာဂုထမင်းပေးခြင်း စသည်တို့ကို ပြုစုရခြင်း။

၂။ မိဘတွေမှာ ကိစ္စပေါ်ပေါက်လာရင် မိမိတို့ကိစ္စကို ဘေးမှာထားပြီး မိဘတို့ရဲ့ကိစ္စကို ဆောင်ရွက်ပေးရခြင်း။

၃။ မိဘတွေရဲ့ဥစ္စာဖြစ်တဲ့ လယ်ယာ၊ ရွှေ ငွေစသည်ကို မပျက်စေဘဲ စောင့်ရှောက်ရခြင်း။ (တစ်နည်း) မတရားသော မျိုးရိုးအစဉ်အလာတို့ကို ဖယ်ရှားပြီး တရားနှင့်ယှဉ်သော (ညှဉ်းဆဲမှုစသည်ကင်းသော) အစဉ်အလာ၌ တည်ရှိစေရခြင်း။ (တစ်နည်း) မျိုးရိုးစဉ်ဆက်က လာတဲ့ ဒါနဝတ်စသည်တို့ကို ဖြတ်တောက် မပစ်ဘဲ ဆည်လက်တည်ရှိစေရခြင်း။

၄။ အမွေခံ သားကောင်းသမီးကောင်း ဖြစ်အောင် မိဘအဆုံးအမကို လိုက်နာရခြင်း။

၅။ ကွယ်လွန်သွားတဲ့ မိဘတွေအား ကုသိုလ်ကောင်းမှုပြု၍ အမျှပေးဝေရခြင်း။

(ပါထိကပါဠိ၊ ၁၅၄)

## မိဘ ဝတ္တရား ၅ ပါး

ဇနီးမောင်နှံမှာ သားသမီး ရှိချင်ရှိနေမယ်။ ယခု မရှိသေးရင်လည်း နောင်အခါ ရှိလာမယ်။ သား သမီးတွေ

http://www.dhammadownload.com



ရလာတဲ့အခါ အဲဒီသားသမီးတွေအပေါ်မှာ မိဘတွေက ပြုလုပ်ပေးရမယ့် ဝတ္တရား ၅ ပါး ရှိတယ်။

၁။ သားသမီးတွေ မကောင်းတာတွေကို လုပ်နေရင် မျက်မှောက်၊ သံသရာအပြစ်ကို ပြောပြပြီး 'ဒါကို မလုပ်နဲ့' လို့ တားမြစ်ရခြင်း၊ လုပ်ပြီးရင်လည်း ကဲ့ရဲ့ရခြင်း။

၂။ အနာထပိဏ်သူဌေးက သူ့သား ကာလအား လာဘ်ပေးပြီး ဆွဲဆောင်သလို ပစ္စည်းပေးပြီးတော့တောင် ကောင်းတာတွေကို လုပ်ဖို့ တွန်းအားပေးရခြင်း။

၃။ ကိုယ့်အဆုံးအမကို လိုက်နာတာကို သိပြီး မျိုးရိုးစဉ်ဆက်ကလာတဲ့ အတတ်ပညာကို သင်ယူစေရခြင်း။

၄။ အမျိုး၊ သီလ၊ ရုပ်ရည်စသည်အားဖြင့် သင့်လျော်သူနဲ့ ထိမ်းမြားပေးရခြင်း။

၅။ ပေးသင့်ရာအချိန်အခါမှာ ပစ္စည်းဥစ္စာကို ပေးရခြင်း။

(ပါထိကပါဠိ၊ ၁၅၄)

## တပည့် ဝတ္တရား ၅ ပါး

ဇနီးမောင်နှံမှာ ဆရာသမားတွေ ရှိကြပါလိမ့်မယ်။ ဆရာသမားတွေနဲ့ ဆက်ဆံတဲ့အခါ တပည့်အနေနဲ့ ပြုလုပ်ပေးရမယ့် ဝတ္တရား ၅ ပါး ရှိပါတယ်။ အဲဒါတွေကိုလည်း

http://www.dhammadownload.com



သတိထားကြရပါမယ်။ သိပြီးလည်း ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။

၁။ ဆရာ အဝေးက လာနေတာကို မြင်ရင် နေရာမှ ထပေးရခြင်း၊ ခရီးဦးကြိုရခြင်း၊ ဆရာ့လက်ထဲက ပစ္စည်းဥစ္စာကို ယူရခြင်း၊ နေရာခင်းပေးကာ ထိုင်စေရခြင်း၊ ယပ်ခပ်ပေးရခြင်း၊ ခြေဆေးပေးရခြင်း၊ ခြေကို ဆီစသည်ဖြင့် လိမ်းကျံပေးရခြင်း။

၂။ နံနက်၊ နေ့လယ်၊ ညနေအားဖြင့် တစ်နေ့လျှင် သုံးကြိမ် ဆရာ့ထံ ချဉ်းကပ်ရခြင်း။

၃။ ဆရာအပေါ်ရော၊ အတတ်ပညာအပေါ်မှာပါ ရိုသေလေးစားစွာ ယုံကြည်နာယူရခြင်း။

၄။ နံနက်စောစောပဲ ထပြီး ဆရာအား မျက်နှာသစ်ရေ၊ သွားတိုက်တံ ပေးရခြင်း။ ထမင်းစားတဲ့အခါမှာလည်း သောက်ရေပေးရခြင်း၊ ခရီးဦးကြို နေရာခင်းပေးခြင်း၊ ယပ်ခပ်ခြင်းစသည်တို့ကို ပြုလုပ်ကာ ရှိခိုးပြီး သွားရခြင်း၊ အဝတ်တွေ ညစ်ပေနေရင် ဖွတ်လျှော်ပေးရခြင်း၊ ညနေမှာ ရေချိုးရေ တည်ပေးရခြင်း၊ မကျန်းမာတဲ့အခါ ပြုစုပေးရခြင်း။

၅။ အတတ်ပညာကို လေးလေးစားစား သင်ယူရခြင်း။

(ပါထိကပါဠိ၊ ၁၅၄)

**ဆရာ့ဝတ္တရား ၅ ပါး**

ဓနီးမောင်နှံနှစ်ဦးဟာ ဆရာအဖြစ်နဲ့ တပည့်တွေကို

http://www.dhammadownload.com



ပညာသင်ပေးတဲ့သူတွေ ဖြစ်ချင်ဖြစ်နေပါမယ်။ ဆရာဖြစ်သူမှာ တပည့်တွေအပေါ် ပြုလုပ်ပေးရမယ့် ဝတ္တရား ၅ ပါး ရှိပါတယ်။ အဲဒါတွေကိုလည်း သိထားရပါမယ်။

၁။ နေနည်း ထိုင်နည်း၊ စားသောက်နည်း၊ မိတ်ညှိတွေကို ရှောင်နည်း၊ မိတ်ကောင်းတွေကို ပေါင်းသင်းနည်း စတဲ့ ကျင့်နည်းတွေကို ကောင်းကောင်း သင်ပြပေးရခြင်း။

၂။ ကျမ်းစာအတတ်ပညာတွေကို ကောင်းကောင်း တတ်မြောက်အောင် သင်ကြားပေးရခြင်း။

၃။ အတတ်ပညာ သုတအားလုံးကို အပြည့်အစုံ သင်ပြပေးရခြင်း။

၄။ 'ဒီတပည့်တွေဟာ ထက်မြက်တယ်၊ သုတများတယ်၊ ငါနဲ့တူသူပဲ။ သူ့ကိုမှတ်ထားကြ' လို့ တပည့်ဂုဏ်ကို ပြောပြပြီး မိတ်ဆွေ အပေါင်း အသင်းတွေထံ အပ်နှင်းပေးရခြင်း။

၅။ အရပ်လေးမျက်နှာကို ခရီးသွားတဲ့အခါ မရှင်းလင်းတဲ့ အချက်တွေကို မေးလိုလို့ ကိုယ့်ထံကိုလာတဲ့လူတွေကို 'ဘယ်နေရာမှာ ငါ့တပည့်ရှိတယ်၊ သူနဲ့ငါ ဒီအတတ်ပညာမှာ ထူးခြားမှု မရှိဘူး၊ သွားကြ၊ သူ့ကိုပဲ မေးကြ' လို့ ပြောပြီး တပည့်ကို ချီးမြှောက်ရခြင်း။

(ပါထိကပါဠိ၊ ၁၅၄)

http://www.dhammadownload.com



## မိတ်ဆွေတို့အပေါ် ဝတ္တရား ၅ ပါး

ဇနီးမောင်နှံ နှစ်ဦးမှာ မိတ်ဆွေအပေါင်းအသင်းတွေ များစွာရှိပါလိမ့်မယ်။ အဲဒီမိတ်ဆွေ အပေါင်းအသင်းတွေနဲ့ ပေါင်းသင်း ဆက်ဆံတဲ့အခါ မိမိတို့မှာ ပြုလုပ်ရမယ့်ဝတ္တရားတွေ ရှိပါတယ်။ ၅ ပါး ရှိပါတယ်။

၁။ ပစ္စည်းပေးတာကို လိုလားသူအား ပစ္စည်းပေးရခြင်း။

၂။ ချစ်ဖွယ်သောစကားကို တောင့်တသူအား ချစ်ဖွယ်သောစကား ပြောကြားပေးရခြင်း။

၃။ အကျိုးစီးပွား ဖြစ်စေမယ့်စကားကို လိုလားသူအား အကျိုးစီးပွားဖြစ်စေမယ့် စကားကို ပြောကြားရခြင်း။

၄။ တန်းတူထားပြီး ဆက်ဆံတာကို လိုလားသူအား တန်းတူထားပြီး ဆက်ဆံပေးရခြင်း။

၅။ ကိုယ်ပေးမယ့်ပစ္စည်းရဲ့နာမည်ကို မလွဲမှားစေဘဲ ကိုယ့်အိမ်ရှိပစ္စည်းကို ယူသွားဖို့ ပြောရခြင်း။

(ပါထိကပါဠိ၊ ၁၅၅)

## အရှင်သခင့် ဝတ္တရား ၅ ပါး

ဇနီးမောင်နှံနှစ်ဦးဟာ လုပ်ငန်းပိုင်ရှင် သို့မဟုတ် လုပ်ငန်းမှာ အကြီးအကဲဖြစ်နေခဲ့ရင် အလုပ်သမား၊ အောက်လက်ငယ်သားတွေ ရှိပါမယ်။ အိမ်မှာ အိမ်ဖော်လေးတွေ

http://www.dhammadownload.com



လည်း ရှိချင်ရှိပါမယ်။ အဲဒီပုဂ္ဂိုလ်တွေအပေါ်မှာ အကြီးအကဲ က ပြုလုပ်ပေးရမယ့် ဝတ္တရား ၅ ပါး ရှိပါတယ်။

၁။ လူငယ်တွေ လုပ်ရမယ့်အလုပ်ကို လူကြီးတွေကို မလုပ်စေရ။ လူကြီးတွေ လုပ်ရမယ့်အလုပ်ကို လူငယ်တွေကို မလုပ်စေရ။ မိန်းမတွေ လုပ်ရမယ့် အလုပ်ကို ယောကျာ်းတွေကို မလုပ်စေရ။ ယောကျာ်းတွေ လုပ်ရမယ့်အလုပ်ကို မိန်းမတွေကို မလုပ်စေရ။ အလုပ်လုပ်မယ့် ပုဂ္ဂိုလ်ရဲ့အင်အားနဲ့ လျော်အောင် အလုပ်လုပ်စေရခြင်း။

၂။ 'ဒီလူက သားငယ်ရှိသူပဲ၊ ဒီလူက တစ်ယောက်တည်း နေသူပဲ' လို့ အလုပ်သမားရဲ့ အခြေအနေနဲ့ လျော်စွာ ထမင်းပေးရခြင်း၊ ရိက္ခာပေးရခြင်း။

၃။ အလုပ်သမားတွေ မကျန်းမာတဲ့အခါ အလုပ်မလုပ်စေဘဲ သင့်လျော်တဲ့ ဆေးစသည်တို့ကိုပေးကာ ပြုစုရခြင်း။

၄။ အစားအသောက် အကောင်းတွေကို ရတဲ့အခါ ကိုယ်တစ်ယောက်တည်း မစားသေးဘဲ အလုပ်သမားတွေကိုလည်း အဲဒီအစားအသောက် အကောင်းတွေထဲက ခွဲဝေပေးရခြင်း။

၅။ တစ်နေ့လုံး အလုပ်လုပ်ရလို့ ပင်ပန်းတဲ့အခါ အချိန်ကိုသိကာ နားခွင့်ပေးရခြင်း။ ပွဲလမ်းသဘင်ကြီးတွေ

http://www.dhammadownload.com



ရှိတဲ့အခါ စားသောက်စရာ၊ ဝတ်ဆင်စရာစသည်တို့ကို ပေးရခြင်း။

(ပါထိကပါဠိ၊ ၁၅၅)

## အလုပ်သမားဝတ္တရား ၅ ပါး

ဇနီးမောင်နှံနှစ်ဦးဟာ လုပ်ငန်းဌာနတစ်ခုမှာ အလုပ်သမား၊ အောက်လက်ငယ်သား ဖြစ်ခဲ့ရင် လုပ်ငန်းရှင်အပေါ်၊ အထက်လူကြီးအပေါ် အလုပ်သမား၊ အောက်လက်ငယ်သားက ပြုလုပ်ပေးရမယ့် ဝတ္တရား ၅ ပါး ရှိပါတယ်။

၁။ လုပ်ငန်းရှင် အကြီးအကဲရဲ့ အရင် အိပ်ရာမှထရခြင်း။
၂။ လုပ်ငန်းရှင်အကြီးအကဲရဲ့ နောက်မှ အိပ်ရခြင်း။
၃။ ဘာကိုမှ ခိုးမယူဘဲ လုပ်ငန်းရှင်၊ အကြီးအကဲက ပေးတာကိုသာ ယူရခြင်း။
၄။ 'သူ့ကို ဒါလုပ်ပေးလို့ ဘာအကျိုးရှိမှာလဲ၊ ငါတို့ဟာ ဘာကိုမှ မရ' လို့ မကဲ့ရဲ့ဘဲ ဝမ်းမြောက်ဝမ်းသာနဲ့ အလုပ်ကို ကောင်းကောင်းလုပ်ပေးရခြင်း။
၅။ ပရိသတ်အလယ်မှာ စကားပြောတဲ့အခါ 'ငါတို့ရဲ့ လုပ်ငန်းရှင် အကြီးအကဲနဲ့ တူသူ မရှိ၊ ငါတို့ဟာ ကိုယ့်ကိုယ်ကို အလုပ်သမား၊ အောက်လက်ငယ်သား မှန်းတောင် မသိကြရ။ သူတို့ရဲ့လုပ်ငန်းရှင် အကြီးအကဲအဖြစ်ကိုတောင် မသိကြရ။ ငါတို့အပေါ် ဒီ

http://www.dhammadownload.com



လောက် သနားစောင့်ရှောက်ကြပါပေတယ်’လို့ ဂုဏ်ကို ပြောပေးရခြင်း။

(ပါထိကပါဠိ၊ ၁၅၅)

**ဒကာ့ဝတ္တရား ၅ ပါး**

ဇနီးမောင်နှံနှစ်ဦးမှာ ကိုးကွယ်ဆည်းကပ်နေတဲ့ ရဟန်းသံဃာတွေ ရှိပါလိမ့်မယ်။ အဲဒီရဟန်းသံဃာတွေအပေါ် ပြုလုပ်ပေးရမယ့် ဝတ္တရား ၅ ပါး ရှိပါတယ်။

၁။ ရဟန်းတွေကို ပင့်မယ်လို့ကြံကာ ကျောင်းသို့ သွားခြင်း၊ ရေစစ်ယူ၍ ရေစစ်ပေးခြင်း၊ ကျောကုန်း ခြေထောက်စသည်တို့ကို ဝတ်ပြုပေးခြင်းစတဲ့ မေတ္တာကာယကံ ပြုလုပ်ရခြင်း။

၂။ ရဟန်းသံဃာတွေ ဆွမ်းခံဝင်လာတာကို မြင်တဲ့အခါ ‘ယာဂုကို ရိုရိုသေသေ လှူကြပါ၊ ဆွမ်းကိုရိုရိုသေသေ လှူကြပါ’ စသည့်စကားကို ပြောခြင်း၊ သာဓုခေါ်ကာ တရားနာခြင်း၊ ရိုရိုသေသေ နှုတ်ဆက်စကား ပြောခြင်းစတဲ့ မေတ္တာဝစီကံ ပြုလုပ်ရခြင်း။

၃။ ငါတို့အိမ်ကို ကြွလာကြတဲ့ ရဟန်းသံဃာတွေ ကျန်းမာချမ်းသာကြပါစေလို့ စိတ်ထဲက မေတ္တာပို့မှု မေတ္တာမနောကံ ပြုလုပ်ရခြင်း။

၄။ သီလရှိတဲ့ ရဟန်းသံဃာတွေ အိမ်ပေါက် ကြွလာတဲ့ အခါ ရှိတာကို မရှိဘူးလို့ မပြောဘဲ လှူခြင်း။

http://www.dhammadownload.com



၅။ ယာဂု၊ ဆွမ်းစတဲ့ စားသောက်ဖွယ်တွေကို လှူခြင်း။

(ပါထိကပါဠိ၊ ၁၅၆)

## တုံ့ပြန်အကျိုးများ

မိတ်ဆွေတို့အပေါ် ပြုလုပ်ရမယ့် ဝတ္တရား ၅ ပါးနဲ့ ပြုလုပ်သူ ဇနီးမောင်နှံကို မိတ်ဆွေ ဆွေမျိုးတွေက အောက်ပါ ၅ မျိုးနဲ့ စောင့်ရှောက်ကြတယ်။

၁။ မေ့လျော့နေသော ဇနီးမောင်နှံကို စောင့်ရှောက်ကြတယ်။

၂။ မေ့လျော့နေသော ဇနီးမောင်နှံရဲ့ဥစ္စာကို စောင့်ရှောက်ကြတယ်။

၃။ ဇနီးမောင်နှံ ကြောက်နေရင် အားကိုးရာ ဖြစ်ကြတယ်။

၄။ ဇနီးမောင်နှံမှာ ဘေးရန်တွေ ရောက်လာရင် မစွန့်ကြ။

၅။ ဇနီးမောင်နှံရဲ့ သားသမီး၊ မြေး မြစ်တွေကို မြတ်နိုးကြတယ်။ မင်္ဂလာအခါစသည်တွေမှာ သူတို့အတွက် မင်္ဂလာစသည်တွေကို ပြုလုပ်ပေးကြတယ်။

(ပါထိကပါဠိ၊ ၁၅၅)

ရဟန်းသံဃာတွေအပေါ် ဒကာ ဝတ္တရား ၅ ပါးနဲ့

http://www.dhammadownload.com



ပြုစုရင် ဇနီးမောင်နှံ ဒကာ ဒကာမကို ရဟန်းသံဃာတွေက ဒီ ၆ မျိုးနဲ့ စောင့်ရှောက်ကြတယ်။

၁။ မကောင်းတာတွေကို မလုပ်ဖို့ တားမြစ်တယ်။
၂။ ကောင်းတာတွေကို လုပ်ဖို့ တိုက်တွန်းကြတယ်။
၃။ ကျန်းမာချမ်းသာစေလိုတဲ့ စိတ်ထားနဲ့ စောင့်ရှောက်ကြတယ်။
၄။ မကြားနာဖူးသေးတဲ့ သုတကို ပြောပြကြတယ်။
၅။ ကြားနာဖူးတာတွေကို အဓိပ္ပာယ်ပြောပြကာ ရှင်းလင်းသွားစေကြတယ်။ လိုက်နာကျင့်သုံးစေကြတယ်။
၆။ နတ်ပြည်ရောက်ကြောင်းလမ်းကို ပြောပြကြတယ်။

(ပါထိကပါဠိ၊ ၁၅၆)

## စီးပွားပျက်ကြောင်း ၆ ပါး

ဇနီးမောင်နှံနှစ်ဦးဟာ စီးပွားဥစ္စာ တိုးပွားအောင် စုဆောင်းကြရပါမယ်။ စီးပွားတွေ ပျက်မသွားအောင် ဂရုစိုက်ကြရပါမယ်။ စီးပွားပျက်စေမယ့်အရာတွေကို သိအောင်လုပ်ပြီး ရှောင်ရှားကြရပါမယ်။ စီးပွားပျက်ကြောင်း ၆ ပါးကို သိင်္ဂါလကအား ဘုရားရှင်က ဒီလို ဟောတော်မူခဲ့ပါတယ်။

၁။ သေရည် အရက်၊ မူးယစ်ဆေးဝါး သုံးစွဲခြင်း။
၂။ မသင့်လျော်တဲ့အချိန်အခါမှာ လမ်းလည်ခြင်း။
၃။ ပွဲလမ်းသဘင် အပျော်အပါး သွားခြင်း။
၄။ မိတ်ဆွေညံ့တွေနဲ့ ပေါင်းသင်းခြင်း။
၅။ ပျင်းရိခြင်း။ (ပါထိကပါဠိ၊ ၁၄၇)

http://www.dhammadownload.com

# ဝိသာခါတွက် ဩဝါဒ ၁၀ ချက်

ဝိသာခါဟာ အင်္ဂတိုင်း၊ ဘဒ္ဒိယမြို့က ဓနဥ္စယသူဌေးရဲ့ဇနီး သုမနာဒေဝီရဲ့သမီး ဖြစ်ပါတယ်။ ဓနဥ္စယသူဌေးရဲ့ဖခင်က မေဏ္ဍကသူဌေးဖြစ်ပါတယ်။ အဘိုးဖြစ်သူ မေဏ္ဍကသူဌေးက မြေးမ ဝိသာခါ ၇ နှစ်အရွယ် ရှိစဉ်က ဘုရားရှင် ဘဒ္ဒိယမြို့ကို ကြွလာခိုက် ဘုရားရှင်ထံ ဝိသာခါကို ခေါ်သွားပါတယ်။ ဘုရားရှင်က ဝိသာခါရဲ့စရိုက်ကိုကြည့်ပြီး တရားဟောပါတယ်။ တရားဒေသနာရဲ့အဆုံးမှာ ဝိသာခါဟာ ကလေးမ ၅၀၀ နဲ့အတူ သောတာပန် ဖြစ်သွားပါတယ်။ ဝိသာခါဟာ အသက် ၁၅၊ ၁၆ နှစ်အရွယ်မှာ သာဝတ္ထိမြို့က မိဂါရသူဌေးရဲ့သား ပုဏ္ဏဝဍ္ဎနနဲ့ အိမ်ထောင်ကျပါတယ်။

ယောက္ခမ မိဂါရသူဌေးအိမ် မသွားခင် အရင်ရက်မှာ ဖခင်ဓနဥ္စယသူဌေးက တိုက်ခန်းထဲမှာ ထိုင်ကာ ဝိသာခါကို အနားမှာ ထိုင်စေပြီး အောက်ပါဩဝါဒစကား ၁၀ ခွန်းကို ပြောပြနေပါတယ်။ ယောက္ခမလောင်း မိဂါရသူဌေးကလည်း ဘေးနားက တိုက်ခန်းမှာ ထိုင်ရင်း ဓနဥ္စယသူဌေးရဲ့ ဩဝါဒစကား ၁၀ ခွန်းကို နားထောင်နေပါတယ်။

သမီး၊ ယောက္ခမအိမ်မှာ နေတဲ့မိန်းကလေးဆိုတာ

http://www.dhammadownload.com



၁။ အတွင်းမီးကို အပြင်သို့ ဆောင်မယူရဘူး။

၂။ အပြင်မီးကို အတွင်းသို့ မသွင်းရဘူး။

၃။ ပေးသူအားသာ ပေးရတယ်။

၄။ မပေးသူအား မပေးရဘူး။

၅။ ပေးသူအားရော မပေးသူအားပါ ပေးရတယ်။

၆။ ချမ်းချမ်းသာသာ ထိုင်ရတယ်။

၇။ ချမ်းချမ်းသာသာ စားရတယ်။

၈။ ချမ်းချမ်းသာသာ အိပ်ရတယ်။

၉။ မီးကို ပြုစုလုပ်ကျွေးရတယ်။

၁၀။ အိမ်တွင်းနတ်ကို ရှိခိုးရတယ်။

(ဓမ္မပဒ၊ ဋ၊ ပ၊ ၂၅၁)

ယောက္ခမ မိဂါရသူဌေးအိမ် ရောက်တဲ့အခါ တစ်နေ့မှာ အဲဒီဩဝါဒစကား ၁၀ ခွန်းရဲ့အဓိပ္ပာယ်ကို နားမလည်လို့ မိဂါရသူဌေးက ဝိသာခါကို မေးပါတယ်။

၁။ သမီး ဝိသာခါ၊ သင့်ဖခင်က အတွင်းမီးကို အပြင်သို့ မဆောင်ရဘူးလို့ ပြောတယ်။ ငါတို့ဟာ ဟိုဘက် ဒီဘက် အနီးအနားအိမ်တွေကို မီးမပေးဘဲ နေသင့်ပါသလား။

ကျွန်မရဲ့ဖခင်က အဲဒါကိုရည်ရွယ်ပြီး ပြောတာ မဟုတ်ပါ။ ကျွန်မဖခင်က အောက်ပါအတိုင်း ရည်ရွယ်ကာ ပြောတာ ဖြစ်ပါတယ်။

http://www.dhammadownload.com



'သမီး၊ သင့်ရဲ့ယောက္ခမ ယောကျ်ား၊ ယောက္ခမ မိန်းမ၊ လင်ယောကျ်ားတွေရဲ့အပြစ်ကို မြင်တွေ့ပြီး ပြင်ပ ဟိုအိမ်၊ ဒီအိမ်မှာ ရပ်ကာ မပြောနဲ့။ မှန်တယ်၊ အဲဒီ မီးနဲ့တူတဲ့ မီးဆိုတာ မရှိဘူး'

၂။ အေးအေး၊ အဲဒါကို အဲဒီအတိုင်း ထားလိုက်ပါတော့၊ သင့်ဖခင်က အပြင်က မီးကို အတွင်းသို့ မသွင်းရဘူး လို့ ပြောတယ်၊ အိမ်တွင်းမှာ မီးငြိမ်းသွားရင် ငါတို့ ဟာ အပြင်ကမီးကို ဆောင်ယူသင့်တယ် မဟုတ်ပါ လား။

ကျွန်မဖခင်က အဲဒါကိုရည်ရွယ်ပြီး ပြောတာမဟုတ် ပါ။ ဒီစကားကို ရည်ရွယ်ကာ ပြောတာဖြစ်ပါတယ်။

'အနီးအနားအိမ်တွေရှိ မိန်းမတွေ၊ ယောကျ်ားတွေ က ယောက္ခမ ယောကျ်ား၊ ယောက္ခမ မိန်းမ၊ လင် ယောကျ်ားရဲ့အပြစ်ကို ပြောကြရင် အဲဒီယောကျ်ား၊ မိန်းမတွေရဲ့စကားကို သယ်ဆောင်လာပြီး 'ဘယ်သူ က သင်တို့ရဲ့အပြစ်ကို ဒီလိုဒီလို ပြောနေတယ်'လို့ ပြန်ပြောမပြနဲ့။ မှန်တယ်၊ အဲဒီမီးနဲ့တူတဲ့မီးဆိုတာ မရှိဘူး။'

ဝိသာခါက မိဂါရသူဌေးအား ဩဝါဒစကားတွေရဲ့ ဆိုလိုချက်ကို ဒီလိုဆက်ပြီး ရှင်းပြပါတယ်။

၃။ ပေးသူအားသာ ပေးရတယ်ဆိုတာ ကိုယ့်ပစ္စည်းကို ငှားရမ်းသွားပြီး ပြန်ပေးသူအား ပေးရတယ်လို့ဆိုလို ပါတယ်။

http://www.dhammadownload.com



၄။ မပေးသူအား မပေးရဘူးဆိုတာ ကိုယ့်ပစ္စည်းကို ငှားရမ်းသွားပြီး ပြန်မပေးသူအား မပေးရလို့ ဆိုလိုပါတယ်။

၅။ ပေးသူရော မပေးသူအားပါ ပေးရတယ်ဆိုတာ ဆင်းရဲတဲ့ ဆွေမျိုးတွေ၊ မိတ်ဆွေတွေ ရောက်လာရင် သူတို့က ပြန်ပေးနိုင်သည်ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေ သူတို့အား ပေးကိုပေးသင့်တယ်လို့ ဆိုလိုပါတယ်။

၆။ ချမ်းချမ်းသာသာ ထိုင်ရတယ်ဆိုတာ ယောက္ခမယောကျ်ား၊ ယောက္ခမ မိန်းမ၊ လင်ယောကျ်ားတွေကို မြင်ရင် ထပေးသင့်တဲ့နေရာမှာ ထိုင်ဖို့မသင့်ဘူးလို့ ဆိုလိုပါတယ်။

၇။ ချမ်းချမ်းသာသာ စားရတယ်ဆိုတာ ယောက္ခမယောကျ်ား၊ ယောက္ခမမိန်းမ၊ လင်ယောကျ်ားတွေရဲ့ အရင်မစားသေးဘဲ သူတို့ကို ပြုစုလုပ်ကျွေးပြီး သူတို့အားလုံးမှာ ရ မရကို သိကာ နောက်မှ ကိုယ်တိုင်စားသင့်တယ်လို့ ဆိုလိုပါတယ်။

၈။ ချမ်းချမ်းသာသာ အိပ်ရတယ်ဆိုတာ ယောက္ခမယောကျ်ား၊ ယောက္ခမ မိန်းမ၊ လင်ယောကျာ်းတွေရဲ့ အရင် အိပ်ရာပေါ်တက်ပြီး မအိပ်နှင့်ရ၊ သူတို့အား ပြုလုပ်ပေးသင့်တဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်ပေးပြီး နောက်မှ ကိုယ်တိုင်အိပ်သင့်တယ်လို့ ဆိုလိုပါတယ်။

http://www.dhammadownload.com



၉။ မီးကို ပြုစုလုပ်ကျွေးရတယ်ဆိုတာ ယောက္ခမယောကျ်ား၊ ယောက္ခမမိန်းမ၊ လင်ယောကျ်ားတို့ကို မီးပုံလို၊ မြွေမင်းလိုသဘောထားကာ ကြည့်ရှုသင့်တယ်လို့ ဆိုလိုပါတယ်။

၁၀။ အိမ်တွင်းနတ်ကို ရှိခိုးရတယ်ဆိုတာ ယောက္ခမယောကျ်ား၊ ယောက္ခမ မိန်းမ၊ လင်ယောကျ်ားတို့ကို နတ်လို သဘောထားကာ ကြည့်ရှုသင့်တယ်လို့ ဆိုလိုပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၅၄)

ဇနီးမောင်နှံနှစ်ဦးဟာ ဝိသာခါဖခင်ရဲ့ အထက်ပါ ဩဝါဒ ၁၀ ကို သိထားကြရပါမယ်။ နှစ်ဦးလုံး လိုက်နာရမယ့် ဩဝါဒကို နှစ်ဦးလုံး လိုက်နာကြရပါမယ်။ ဇနီးပဲ လိုက်နာရမယ့် ဩဝါဒတွေကို ဇနီးက လိုက်နာရပါမယ်၊ လိုက်နာကြရင် သာယာတဲ့၊ ပျော်စရာကောင်းတဲ့ အိမ်ထောင်ရေး ဖြစ်လာပါလိမ့်မယ်။

http://www.dhammadownload.com

# ကြာရှည်စွာ ပစ္စည်းပေါချင်ရင်

ဇနီးမောင်နှံနှစ်ဦးမှာ စည်းစိမ်ဥစ္စာတွေ ပေါများနေစေဦးတော့၊ အောက်ပါအချက် ၄ ပါးလုံးဖြစ်စေ၊ ၄ ပါးထဲက တစ်ပါးပါးဖြစ်စေ ရှိလာရင် အဲဒီစည်းစိမ်ဥစ္စာအားလုံးဟာ ကြာရှည်စွာမတည်ရှိနိုင်ပါ။

အဲဒီအချက် ၄ ချက်ကို ဘုရားရှင်က ဒီလိုဟောတော်မူခဲ့ပါတယ်။

၁။ ပျောက်တာကို မရှာခြင်း၊

၂။ အဟောင်းကို မပြုပြင်ခြင်း၊

၃။ အစားအသောက်မှာ နှိုင်းချိန်မှု မရှိခြင်း၊

၄။ သီလမရှိတဲ့ ယောကျ်ားကိုဖြစ်စေ၊ မိန်းမကိုဖြစ်စေ ဘဏ္ဍာစိုးအရာမှာ ထားခြင်း၊

ပေါများတဲ့ စည်းစိမ်ဥစ္စာတွေ ကြာရှည်စွာ တည်ရှိစေချင်ရင်တော့ ပြောင်းပြန်အချက် ၄ ချက်ကို ဟောတော်မူခဲ့ပါတယ်။

၁။ ပျောက်ကတာကို ရှာခြင်း၊

၂။ အဟောင်းကို ပြုပြင်ခြင်း၊

၃။ အစားအသောက်မှာ နှိုင်းချိန်မှုရှိခြင်း၊

၄။ သီလရှိတဲ့ယောကျ်ားကိုဖြစ်စေ၊ မိန်းမကိုဖြစ်စေ ဘဏ္ဍာစိုးအရာမှာထားခြင်း။ (အံ၊ ပါဠိ၊ ပ၊ ၅၇၂)

http://www.dhammadownload.com



# မကြာခင် စီးပွားတက်ချင်ရင်

ဓနီးမောင်နှံနှစ်ဦးဟာ မကြာခင်ပဲ စည်းစိမ်ဥစ္စာတွေ ပေါများ တိုးပွားချင်ရင် ဒီအချက် ၄ ချက်နဲ့ ပြည့်စုံဖို့ ဘုရားရှင်က ဟောကြားတော်မူခဲ့ပါတယ်။

၁။ သင့်လျော်လျောက်ပတ်တဲ့အရပ်မှာ နေရခြင်း၊

၂။ လူကောင်းတွေနဲ့ ပေါင်းသင်းရခြင်း၊

၃။ ကိုယ့်ကိုယ်ကို လူကောင်းဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

၄။ ရှေးဘဝက ကောင်းမှုပြုခဲ့ခြင်း

ဒီ ၄ ပါးနဲ့ ပြည့်စုံရင် လူနတ်တွေမှာ မကြာခင်ပဲ စည်းစိမ်ဥစ္စာတွေ ပေါများတိုးပွားလာတယ်။ ဥစ္စာ၊ စပါး၊ အခြွေအရံ၊ အကျော်အစော၊ ကိုယ်စိတ်ချမ်းသာတွေကို ရရှိလာတယ်။

(အံ၊ ပါဠိ၊ ပ၊ ၃၄၁)

ဒီဘုရားစကားတော်အရ ဓနီးမောင်နှံနှစ်ဦးဟာ နေရာကောင်း၊ လူကောင်းတွေကို ရွေးချယ်တတ်ရပါမယ်။ ကိုယ့်ကိုယ်ကိုလည်း လူကောင်းတစ်ယောက်ဖြစ်အောင် လုပ်ရပါမယ်။ မှန်ကန်တဲ့လမ်းကြောင်းပေါ်က ဘေးချော်ကျမသွား

http://www.dhammadownload.com



အောင် ပြုမှု ပြောဆိုတတ်ရပါမယ်။ စိတ်ထားတတ်ရပါမယ်။ ရေး ဘဝက ကောင်းကံတွေကို များများ ပြုလုပ်ပေးရပါမယ်။

http://www.dhammadownload.com

# မိုက်ရာမှ လိမ္မာလာသူ

ဖနိုးမောင်နှံနှစ်ဦးမှာ သားသမီးရတနာ ရခဲ့ရင် မိဘဝတ္တရားနဲ့အညီ ကိုယ့်သားသမီးတွေကို မကောင်းမြစ်ထား၊ ကောင်းရာ ညွှန်လတ်စသည် လုပ်ပေးကြရပါမယ်။ လိမ္မာတဲ့ သားသမီး ဖြစ်ခဲ့ရင် ဆုံးမရ လွယ်ကူပါတယ်။ မလိမ္မာတဲ့ သားသမီးဆိုရင် ဆုံးမရခက်ပါတယ်။ မလိမ္မာတဲ့ သားသမီးကိုလည်း လိမ္မာလာအောင် ဆုံးမပေး၊ ဆွဲဆောင်ပေးရပါမယ်။ အနာထပိဏ်သူဌေးရဲ့ ဆောင်ရွက်ပုံဟာ အတုယူစရာ ကောင်းပါတယ်။

အနာထပိဏ်မှာ ကာလဆိုတဲ့သား ရှိပါတယ်။ အနာထပိဏ်က သဒ္ဓါတရားရှိပေမယ့် ကာလကတော့ သဒ္ဓါတရား မရှိပါဘူး။ ဘုရားရှင်ထံ မသွားချင်ပါဘူး။ ဘုရားရှင် အိမ်ကြွလာတဲ့အခါ ဘုရားရှင်ကို မဖူးတွေ့ချင်ပါဘူး။ တရားမနာချင်ပါဘူး။ သံဃာရဲ့ဝေယျာဝစ္စကို မလုပ်ချင်ပါဘူး။ 'ငါ့သား ဒီလိုမလုပ်နဲ့' လို့ ပြောပေမယ့် ဖခင်စကားကို နားမထောင်၊ မလိုက်နာပါဘူး။ အနာထပိဏ်က ဒီလိုတွေးပါတယ်။

'ဒီကာလဟာ ဒီလိုအယူမှားကို ယူပြီးနေရင် အဝီစိငရဲ ရောက်လိမ့်မယ်။ ငါ မြင်တွေ့နေရပါလျက် ငါ့သား

http://www.dhammadownload.com



ငရဲရောက်ရရင် မသင့်တော်ဘူး၊ ဒီလောကမှာ ပစ္စည်းဥစ္စာ ပေးပြီးလုပ်ရင် အခြေအနေမပြောင်းလဲတဲ့ သတ္တဝါ မရှိဘူး၊ ကာလကို ပစ္စည်းဥစ္စာနဲ့ အခြေအနေပြောင်းလဲအောင် လုပ်မယ်'

'ငါ့သား၊ ဥပုသ်သည်လုပ်ပြီး ကျောင်းကိုသွားကာ တရားနာယူပြီး ပြန်လာခဲ့ပါ။ သင့်အား အသပြာ ၁၀၀ ပေးမယ်'

'အဖေ ပေးမှာလား'

'ငါ့သား ပေးမယ်'

ကာလဟာ သုံးကြိမ်တိုင်တိုင် ပေးမယ်ဆိုတဲ့ဝန်ခံချက်ကို ယူပြီး ဥပုသ်သည်လုပ်ကာ ကျောင်းကိုသွားပါတယ်။ တရားကိုတော့ မနာပါ ဘူး။ ချမ်းသာရာနေရာမှာ အိပ်ပြီး နံနက်စောစောပဲ အိမ်ကို ပြန်ပါတယ်။ အဲဒီအခါ အနာထပိဏ်က 'ငါ့သား ဥပုသ်စောင့်လာပြီ၊ ယာဂုစတဲ့ စားဖွယ်သောက်ဖွယ်တွေကို မြန်မြန် ပေးကြပါ'လို့ ပြောကာ ပေးစေပါတယ်။ ကာလက 'အသပြာတွေကို မရသေးရင် မစားသေးဘူး' လို့ ဆိုကာ ယူယူလာသမျှကို ပယ်မြစ်ပါတယ်။ ကာလရဲ့နှိပ်စက်မှုကို မခံနိုင်တဲ့ အနာထပိဏ်ဟာ အသပြာထုပ်ကို ပေးခိုင်းလိုက်ပါတယ်။ ကာလက အဲဒီအသပြာထုပ်ကို လက်နဲ့ယူပြီးမှသာ စားစရာကို စားပါတယ်။

အနာထပိဏ်က ကာလကို နောက်တစ်နေ့မှာ ဒီလို ပြောပြီး ကျောင်းကိုလွှတ်ပါတယ်။

http://www.dhammadownload.com



'ငါ့သား သင့်အား အသပြာ ၁၀၀၀ ပေးမယ်၊ ဘုရားရှင်ရဲ့ရှေ့မှာ ရပ်တည်ကာ တရားတစ်ပုဒ်ကို သင်ယူပြီး ပြန်လာခဲ့ပါ'

ကာလကလည်း ကျောင်းကိုသွားကာ ဘုရားရှင်ရဲ့ရှေ့မှာ ရပ်ရင်းပဲ တရားတစ်ပုဒ်ကို သင်ယူပြီး ပြန်ပြေးချင်ပါတယ်။ အဲဒီအခါ ဘုရားရှင်က ကာလကို မမှတ်မိအောင် လုပ်ပါတယ်။ ကာလဟာ အဲဒီအပုဒ်ကို မမှတ်မိလို့ နောက်တစ်ပုဒ်ကို သင်ယူမယ်လို့ကြံကာ ရပ်ရင်း နာမြဲနာယူပါတယ်။ ဘုရားရှင်ကလည်း ကာလကို မမှတ်မိအောင် လုပ်ပါတယ်။ ကာလဟာ နောက်တစ်ပုဒ်ကို သင်ယူမယ်လို့ကြံကာ ရပ်ရင်း နာယူလျက်ပဲ သောတာပန်ဖြစ်သွားပါတယ်။

ကာလဟာ နောက်နေ့မှာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအတူပဲ သာဝတ္ထိမြို့ကို ဝင်ပါတယ်။ အနာထပိဏ်က ကာလကို မြင်ပြီး 'ဒီနေ့ ငါ့သားရဲ့အမူအရာဟာ ကျေနပ်စရာပဲ' လို့ တွေးနေပါတယ်။ ကာလမှာလည်း ဒီလိုတွေးနေပါတယ်။

'ငါ့ဖခင်ဟာ ဒီနေ့ ဘုရားရှင်ရဲ့အနီးမှာ အသပြာတွေကို မပေးရင် ကောင်းလေစွ၊ အသပြာလိုချင်လို့ ငါဥပုသ်စောင့်တာကို ဖုံးကွယ်ထားရင် ကောင်းလေစွ'

ဘုရားရှင်ကတော့ မနေ့ကပဲ ကာလ အသပြာလိုချင်လို့ ဥပုသ်စောင့်တာကို သိတော်မူထားပါတယ်။ အနာထပိဏ်က ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား ယာဂုလှူခိုင်းပြီး

http://www.dhammadownload.com



သားကာလအားလည်း ပေးခိုင်းပါတယ်။ ကာလဟာ ထိုင်ကာ ဆိတ်ဆိတ်ပဲ ယာဂုသောက်တယ်၊ ခဲဖွယ် ခဲတယ်၊ စားဖွယ် စားတယ်။ အနာထပိဏ်ဟာ ဘုရားဆွမ်းကိစ္စ ပြီးသွားတဲ့အခါ ကာလရဲ့ရှေ့မှာ အသပြာ ၁၀၀၀ ထုပ်ကို အထားခိုင်းပြီး 'ငါ့သား၊ ငါဟာ သင့်ကို အသပြာ ၁၀၀၀ ပေးမယ်လို့ပြော ပြီး ကျောင်းကိုလွှတ် ဥပုသ်စောင့်ခိုင်းခဲ့တယ်။ ဒါဟာ မင့် အတွက် ၁၀၀၀ ပဲ' လို့ ပြောပါတယ်။

ကာလဟာ ဘုရားရှင်ရဲ့ရှေ့မှာ အသပြာပေးတာကို မြင်လို့ ရှက်ကာ 'ကျွန်တော် အသပြာတွေကို အလိုမရှိတော့ ပါ' လို့ ပြောပါတယ်။ ဖခင်သူဌေးကြီးက 'ငါ့သား ယူပါ' လို့ ပြောပေမယ့် မယူတော့ပါ။ အနာထပိဏ်ဟာ ဘုရားရှင်ကို ရှိခိုးပြီး 'မြတ်စွာဘုရား၊ တပည့်တော်သားရဲ့ ဒီနေ့အမူအရာကို ကျေနပ်ပါတယ်' လို့ လျှောက်ပါတယ်။ 'ဘာလဲ သူဌေး ကြီး' လို့ မေးလို့ အနာထပိဏ်က သူ့သားအကြောင်းကို လျှောက်ပြပါတယ်။

ဘုရားရှင်က ဒီလို မိန့်တော်မူပါတယ်။

'ဟုတ်တယ်၊ သူဌေးကြီး၊ ဒီနေ့ သင့်သားရဲ့ သောတာ ပတ္တိဖိုလ်ကသာ စကြဝတေးမင်း စည်းစိမ်၊ နတ်လောက စည်းစိမ်၊ ဗြဟ္မာလောကစည်းစိမ်တွေထက်လည်း သာလွန် မြင့်မြတ်တယ်' (ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၂၃)

အနာထပိဏ်ရဲ့နည်းနဲ့ ဆုံးမသွန်သင်ကြတဲ့ မိဘတွေ

http://www.dhammadownload.com



မြန်မာနိုင်ငံမှာလည်း ရှိကြပါတယ်။ ကိုယ့်သားသမီးကို အရှည်မျှော်ပြီး ချစ်တတ်တဲ့ မိဘတိုင်းဟာ အနာထပိဏ်ရဲ့နည်းကိုလည်း အသုံးပြုသင့်ကြပါတယ်။ အနာထပိဏ်ရဲ့နည်းဟာ သား ကာလအတွက် တန်ဖိုးမဖြတ်နိုင်တဲ့နည်း ဖြစ်သွားပါတယ်။ ကာလဟာ ဒီတစ်ဘဝမှာသာမက ဘဝသံသရာ တစ်လျှောက်လုံးမှာ ချမ်းသာသွားပါတယ်။

http://www.dhammadownload.com

# တိမ်ဖုံးရာမှ သာတဲ့လ

ဇနီးမောင်နှံနှစ်ဦးမှာ သားသမီး ရှိနေခဲ့ရင် ဘုရားရှင် ဟောတော်မူထားတဲ့ သားသမီး ၃ မျိုးထဲက ဘယ်အမျိုး အစားထဲပါတဲ့ သားသမီးဖြစ်တယ်ဆိုတာကို သိထားရပါမယ်။

၁။ ဂုဏ်အားဖြင့် မိဘတွေထက် သာလွန်တဲ့သားသမီး၊

၂။ ဂုဏ်အားဖြင့် မိဘတွေနဲ့ တန်းတူဖြစ်တဲ့ သားသမီး၊

၃။ ဂုဏ်အားဖြင့် မိဘတွေအောက် ညံ့တဲ့ သားသမီး၊

၁။ မိဘနှစ်ပါးက ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို မကိုးကွယ်ဘူး၊ သူများအသက် သတ်တယ်၊ သူများဥစ္စာ ခိုးတယ်၊ ကာမဖောက်ပြန်တယ်၊ လိမ်ညာတယ်၊ သေရည်သေရက် မူးယစ်ဆေး သုံးတယ်၊ အကျင့်ယုတ်တယ်။

အဲဒီမိဘရဲ့ သားသမီးကတော့ ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်တယ်၊ သူများအသက် မသတ်ဘူး၊ သူများဥစ္စာ မခိုးဘူး၊ ကာမ မဖောက်ပြန်ဘူး၊ မလိမ်ဘူး၊ သေရည် သေရက် မူးယစ်ဆေး မသုံးဘူး၊ အကျင့်ကောင်းတယ်။

http://www.dhammadownload.com



အဲဒီ သားသမီးဟာ ဂုဏ်အားဖြင့် မိဘထက် သာလွန်တဲ့ သားသမီး ဖြစ်တယ်။

၂။ မိဘနှစ်ပါးက ရတနာသုံးပါးကို ကိုးကွယ်သလို သားသမီးတွေကလည်း ကိုးကွယ်တယ်၊ မိဘနှစ်ပါးက ငါးပါးသီလ လုံခြုံပြီး အကျင့်ကောင်းသလို သားသမီးတွေကလည်း ငါးပါးသီလ လုံခြုံပြီး အကျင့်ကောင်းကြတယ်။

အဲဒီသားသမီးဟာ မိဘနဲ့ ဂုဏ်အားဖြင့် တန်းတူတဲ့ သားသမီး ဖြစ်တယ်။

၃။ မိဘနှစ်ပါးက ရတနာသုံးပါးကို ကိုးကွယ်ပြီး ငါးပါးသီလ လုံခြုံကာ အကျင့်ကောင်းပေမယ့် သားသမီးကတော့ ရတနာသုံးပါးကို မကိုးကွယ်၊ ငါးပါးသီလ မလုံခြုံ၊ အကျင့်မကောင်း။

အဲဒီသားသမီးဟာ မိဘအောက် ဂုဏ်အားဖြင့် ညံ့တဲ့ သားသမီး ဖြစ်တယ်။

ပညာရှိ မိဘတွေဟာ မိဘတွေထက် ဂုဏ်အားဖြင့် သာလွန်တဲ့ သားသမီးနဲ့ ဂုဏ်အားဖြင့် မိဘတွေနဲ့ တန်းတူဖြစ်တဲ့ သားသမီးကို လိုလားကြပါတယ်။ အမျိုးဖျက်တဲ့၊ ဂုဏ်အားဖြင့် မိဘတွေအောက် ညံ့တဲ့သားသမီးကို မလိုလားကြပါ။

ရတနာသုံးပါးကို ကိုးကွယ်ပြီး သဒ္ဓါ၊ ဒါန၊ သီလ ရှိကြတဲ့ သားသမီးတွေဟာ ပရိသတ်တွေထဲမှာ တင့်တယ်

http://www.dhammadownload.com



ကြတယ်။ ဥပမာ တိမ်တိုက်က လွတ်လာတဲ့လဟာ တင့်တယ်သလိုပါပဲ။

(ဣတိဝုတ်ပါဠိ၊ ၂၃၈)

ဒီဘုရားစကားတော်အရ ဇနီးမောင်နှံနှစ်ဦးဟာ ကိုယ်တိုင်လည်း ရတနာသုံးပါးကို ကိုးကွယ်ရတယ်။ ငါးပါးသီလလည်း လုံခြုံရတယ်။ အကျင့်ကောင်းရတယ်။ သားသမီးတွေရှိနေခဲ့ရင် အဲဒီသားသမီးတွေကိုလည်း ရတနာသုံးပါးကို ကိုးကွယ်အောင်၊ ငါးပါးသီလ လုံခြုံအောင်၊ အကျင့်ကောင်းအောင် ဆောင်ရွက်ပေးကြရပါမယ်။ အဲဒီလို ဆောင်ရွက်လို့မိဘတွေရော၊ သားသမီးတွေပါ ကောင်းနိုင်ကြပြီဆိုရင် ပရိသတ်အလယ်မှာ တိမ်တိုက်ထဲက ထွက်လာတဲ့လပမာ တင့်တယ်ကြပါလိမ့်မယ်။

http://www.dhammadownload.com

# လျှာနဲ့သွား

ဇနီးမောင်နှံနှစ်ဦးမှာ 'လင်နဲ့မယား လျှာနဲ့သွား' ဆိုတဲ့အတိုင်း တစ်ဦးအပေါ်တစ်ဦး ထိခိုက်မိတာလေးတွေ ရှိလာတတ်ပါတယ်။ အဲဒီအခါ တစ်ဦးအပေါ်တစ်ဦး သည်းခံခွင့်လွှတ်ကြဖို့ လိုအပ်လှပါတယ်။ ဇနီးမောင်နှံနှစ်ဦးလုံးမှာ 'ငါကပဲ သည်းခံမယ်၊ ငါ့ကိုသည်းခံရတယ်ဆိုတာမျိုး မရှိစေရဘူး' လို့ ဆုံးဖြတ်ထားကြရပါမယ်။ တစ်ဦးအပေါ် တစ်ဦး စိတ်ဆိုးစရာတွေနဲ့ တွေ့တဲ့အခါ သည်းခံခြင်းရဲ့အကျိုး ၇ မျိုးနဲ့ သည်းမခံခြင်းရဲ့အပြစ် ၇ မျိုးကို သတိပြုပြီး သည်းခံစိတ် မွေးမြူကြရပါမယ်။ ဒေါသစိတ်ကို မျိုသိပ်အောင်အည်းထားကြရပါမယ်။ ဘုရားရှင်က သည်းခံခြင်း၊ သည်းမခံခြင်းနဲ့စပ်ပြီး အကျိုးအပြစ်တွေကို ဒီလိုဟောတော်မူခဲ့ပါတယ်။

**သည်းမခံခြင်းရဲ့အပြစ် ၇ ပါး**

၁။ လူအများ အမုန်းခံရခြင်း၊
၂။ ပုဂ္ဂိုလ်ရန်၊ အကုသိုလ်ရန်များခြင်း၊
၃။ အပြစ်များခြင်း၊
၄။ တွေတွေဝေဝေ သေရခြင်း၊

http://www.dhammadownload.com



၅။ သေရင် ငရဲရောက်ရခြင်း၊
၆။ ကြမ်းတမ်းခြင်း၊
၇။ နှလုံးမသာမယာ၊ မျက်နှာမသာမယာ ဖြစ်ရခြင်း၊

## သည်းခံခြင်းရဲ့အကျိုး ၇ မျိုး

၁။ လူအများ၏ ချစ်ခင်မှုကို ခံရခြင်း၊ မြတ်နိုးခံရခြင်း၊
၂။ ပုဂ္ဂိုလ်ရန်၊ အကုသိုလ်ရန် မများခြင်း၊
၃။ အပြစ် မများခြင်း၊
၄။ မတွေမဝေ သေရခြင်း၊
၅။ သေရင် နတ်ပြည် ရောက်ရခြင်း၊
၆။ မကြမ်းတမ်းခြင်း၊
၇။ နှလုံးမသာမယာ မဖြစ်ရခြင်း၊ မျက်နှာမသာမယာ မဖြစ်ရခြင်း၊

http://www.dhammadownload.com

# ချင့်ချိန်ပြောပါ

ဖနီးမောင်နှံနှစ်ဦးဟာ စကားပြောတဲ့အခါ ဉာဏ်ပညာနဲ့ ချင့်ချိန်ပြီး ပြောကြရပါမယ်။ ဉာဏ်ပညာနဲ့ မချင့်ချိန်ဘဲ စကားတွေကို အများကြီးပြောရင် အပြစ် ၅ မျိုးကို ရနိုင်ကြောင်း ဘုရားရှင်ဟောတော်မူခဲ့ပါတယ်။ ဉာဏ်ပညာနဲ့ ချင့်ချိန်ပြီး ပြောရင်တော့ အကျိုး ၅ မျိုး ရနိုင်ကြောင်းကိုလည်း ဘုရားရှင်ဟောတော်မူခဲ့ပါတယ်။

**ပညာနဲ့မချင့်ချိန်ဘဲ စကားအများကြီး ပြောခြင်းရဲ့ အပြစ် ၅ ပါး**

၁။ လိမ်ညာပြောမိခြင်း၊
၂။ ကုန်းတိုက်စကား ပြောမိခြင်း၊
၃။ ကြမ်းကြမ်းတမ်းတမ်းစကား ပြောမိခြင်း၊
၄။ အကျိုးမရှိတဲ့စကား ပြောမိခြင်း၊
၅။ သေရင် ငရဲရောက်ရခြင်း၊

**ချင့်ချိန်ပြောခြင်းရဲ့အကျိုး ၅ ပါး**

၁။ လိမ်ညာမပြောမိခြင်း၊

http://www.dhammadownload.com



၂။ ကုန်းတိုက်စကား မပြောမိခြင်း၊
၃။ ကြမ်းကြမ်းတမ်းတမ်းစကား မပြောမိခြင်း၊
၄။ အကျိုးမရှိတဲ့စကား မပြောမိခြင်း၊
၅။ သေရင် နတ်ပြည်ရောက်ရခြင်း။

(အံ၊ ပါဠိ၊ ၃၊ ၂၂၂)

http://www.dhammadownload.com

# စည်းစိမ်ရှင်များ သိထားသင့်ပါ

ဇနီးမောင်နှံနှစ်ဦးမှာ စည်းစိမ်ဥစ္စာတွေ ကိုယ့်အတိုင်းအတာနဲ့ကိုယ် ရှိပါလိမ့်မယ်။ အဲဒီစည်းစိမ်ဥစ္စာတွေမှာ ကောင်းကျိုးတွေ ရှိသလို ဆိုးပြစ်တွေလည်း ရှိပါတယ်။ ဘုရားရှင်က အဲဒီကောင်းကျိုး၊ ဆိုးပြစ်တွေကို ဟောတော်မူထားပါတယ်။ စည်းစိမ်ရှင်ဖြစ်ကြတဲ့ ဇနီးမောင်နှံနှစ်ဦးဟာ အဲဒီ ကောင်းကျိုး ဆိုးကျိုးတွေကို သိထားသင့်ကြပါတယ်။

**စည်းစိမ်ဥစ္စာတွေမှာ အပြစ် ၅ ပါး**

၁။ မီးနဲ့ ဆက်ဆံခြင်း၊
၂။ ရေနဲ့ ဆက်ဆံခြင်း၊
၃။ မင်းနဲ့ ဆက်ဆံခြင်း၊
၄။ သူခိုးနဲ့ ဆက်ဆံခြင်း၊
၅။ မချစ်မနှစ်သက်အပ်တဲ့ အမွေခံသားဆိုး သမီးဆိုးတွေနဲ့ ဆက်ဆံခြင်း။

**စည်းစိမ်ဥစ္စာတွေမှာ အကျိုး ၅ ပါး**

စည်းစိမ်ဥစ္စာတွေကို အမှီပြုပြီး

http://www.dhammadownload.com



၁။ မိမိကိုယ်ကို ချမ်းသာအောင် ကောင်းကောင်းဆောင်ရွက်နိုင်ခြင်း၊

၂။ မိဘတွေကို ချမ်းသာအောင် ကောင်းကောင်းဆောင်ရွက်ပေးနိုင်ခြင်း၊

၃။ သားသမီး၊ ဇနီး၊ ကျွန် အလုပ်သမားတွေကို ချမ်းသာအောင် ကောင်းကောင်းဆောင်ရွက်ပေးနိုင်ခြင်း၊

၄။ မိတ်ဆွေ၊ ဆွေမျိုးတွေကို ချမ်းသာအောင် ကောင်းကောင်း ဆောင်ရွက်ပေးနိုင်ခြင်း၊

၅။ သူတော်ကောင်း သမဏ၊ ဗြာဟ္မဏတွေအား နတ်ပြည်ရောက်ကြောင်း အလှူပြုနိုင်ခြင်း။

(အံ၊ ပါဠိ၊ ၃၊ ၂၂၆)

http://www.dhammadownload.com

# ထမင်းချက်ချိန်

ဇနီးမောင်နှံနှစ်ဦးမှာ ဇနီးဟာ မီးဖိုချောင်ဘုရင်မ ဖြစ်ပါတယ်။ စားသောက်စရာ ချက်ဖို့ပြုတ်ဖို့ ဇနီးမှာ တာဝန်ရှိပါတယ်။ ထမင်း ဟင်းတွေကို အချိန်မီအောင် ချက်ရပြုတ်ရပါတယ်။ အချိန်လွန်မသွားစေရပါ။ အချိန်မီ ချက်ရင် အကျိုး ၅ မျိုး ရကြောင်းနဲ့ အချိန်လွန်မှချက်ရင် အပြစ် ၅ မျိုး ရကြောင်းကို ဘုရားရှင်က ဟောတော်မူခဲ့ပါတယ်။ ဇနီးရော ခင်ပွန်းပါ သိထားသင့်ကြပါတယ်။

## အချိန်လွန်မှ ထမင်းချက်ရင် အပြစ် ၅ ပါး

၁။ ဧည့်သည်တွေကို အချိန်မီ မကျွေးနိုင်ခြင်း၊

(ကိုယ်က သူတို့အိမ်ကို ဧည့်သည်အဖြစ်နဲ့ သွားတဲ့အခါ သူတို့ကလည်း ကိုယ့်ကို အချိန်မီ မကျွေးခြင်း)

၂။ မျိုးရိုးစဉ်ဆက်က ပူဇော်ပသလာတဲ့ နတ်တွေကို အချိန်မီ မပသနိုင်ခြင်း၊

(အချိန်မီ ပသမခံရတော့ 'ဒီလူတွေဟာ ငါတို့အပေါ် မလေးစားကြဘူး' လို့ သဘောပိုက်ကာ နတ်တွေက မစောင့်ရှောက်ကြတော့ခြင်း)

http://www.dhammadownload.com



၃။ မွန်းလွဲပိုင်းမှာ စားဖွယ်တွေကို မစားကြတဲ့ သမဏ၊ ဗြာဟ္မဏတွေအား အချိန်မီ မလောင်းလှူနိုင်ခြင်း၊
(သမဏ၊ ဗြာဟ္မဏတွေကလည်း 'ဒီဒကာ ဒကာမတွေရဲ့အိမ်မှာ စားဖွယ် စားချိန်မှာ စားဖွယ်မရှိ၊ မွန်းတည့်ချိန်မှ လှူကြတယ်' လို့ တွေးကာ သာရေးနာရေးကိစ္စတွေမှာ ပြုလုပ်သင့်တာကို ပြုလုပ်မပေးကြတော့)

၄။ ကျွန် အလုပ်သမားတွေက 'ငါတို့မှာ ဘာစားစရာမှ မရကြ၊ ဆာလောင်မှု နှိပ်စက်ခံရပြီး ငါတို့အလုပ်မလုပ်နိုင်' လို့ တွေးကာ အလုပ်ကို ပစ်ထားပြီး ထိုင်နေကြခြင်း။

၅။ အချိန်လွန်မှ စားရတဲ့အစားအစာဟာ အဆီဩဇာကို မဆောင်စွမ်းနိုင်တော့ခြင်း။

## အချိန်မီ ထမင်းချက်ခြင်းရဲ့အကျိုး ၅ ပါး

၁။ ဧည့်သည်တွေကို အချိန်မီ ကျွေးနိုင်ခြင်း၊

၂။ ပသမှုကို ခံယူတဲ့နတ်တွေအား အချိန်မီ ပသနိုင်ခြင်း၊

၃။ မွန်းလွဲပိုင်းမှာ မစားတဲ့ သမဏ၊ ဗြာဟ္မဏတွေအား အချိန်မီ လှူနိုင်ခြင်း၊

http://www.dhammadownload.com



၄။ ကျွန် အလုပ်သမားတွေက အလုပ်ကို ပစ်မထားဘဲ လုပ်ကြခြင်း၊

၅။ အချိန်မှီ စားရတဲ့အစားဟာ အဆီသြဇာကို ဆောင်နိုင်ခြင်း။

(အံ၊ ပါဠိ၊ ၃၊ ၂၂၇)

http://www.dhammadownload.com

# အသက်ရှည်လိုလျှင်

ဇနီးမောင်နှံနှစ်ဦးလုံးဟာ အသက်ရှည်ချင်ကြပါလိမ့်မယ်။ ကျန်းမာချင်ကြပါလိမ့်မယ်။ အသက်ရှည်ကြောင်း နည်းလမ်းကောင်းတွေကို ဘုရားရှင် ညွှန်ကြားတော်မူသလို အသက်တိုကြောင်း နည်းလမ်းတွေကိုလည်း ပြတော်မူခဲ့ပါတယ်။ ဒီနည်းလမ်းတွေကို သိထားကြရပါမယ်။

**အသက်ရှည်ကြောင်းနည်းလမ်းများ**

၁။ သင့်တော်တာကို ပြုလုပ်ခြင်း၊
၂။ သင့်တော်ရာမှာ အတိုင်းအရှည်ကို သိခြင်း၊
၃။ ကျေညက်လွယ်တာကို စားခြင်း၊
၄။ အချိန်နဲ့သွားခြင်း၊
၅။ မေထုန်မှ ရှောင်ခြင်း၊
၆။ သီလရှိခြင်း၊
၇။ မိတ်ကောင်းရှိခြင်း။

**အသက်တိုကြောင်းနည်းလမ်းများ**

၁။ မသင့်တော်တာကို ပြုလုပ်ခြင်း၊

http://www.dhammadownload.com



၂။ သင့်တော်ရာမှ အတိုင်းအရှည်ကို မသိခြင်း၊
၃။ ကျေညက်လွယ်တာကို မစားခြင်း၊
၄။ အချိန်မဲ့မှာ သွားခြင်း၊
၅။ မေထုန်မှ မရှောင်ခြင်း၊
၆။ သီလမရှိခြင်း၊
၇။ မိတ်ညံ့နဲ့ ပေါင်းသင်းခြင်း။

(အံ၊ ပါဠိ၊ ၃၊ ၁၂၈)

http://www.dhammadownload.com

# လူနာပြုစုတဲ့အခါ

ဖနီးမောင်နံ့နှစ်ဦးဟာ မကျန်းမမာ ဖြစ်တဲ့အခါ ရှိပါလိမ့်မယ်။ အဲဒီအခါ ကျန်းမာသူက မကျန်းမာသူကို ပြုစုရပါတယ်။ ပြုစုသူမှာ ပြည့်စုံရမယ့်အချက် ၅ ချက်ကို သိထားရပါမယ်။

၁။ ဆေးကို စီရင်နိုင်တဲ့စွမ်းအား (ကိုယ်အား၊ ဉာဏ်အား) ရှိရခြင်း၊

၂။ သင့်မသင့်ကို သိရခြင်း၊
မသင့်တာကို ဖယ်ရှားပေးရခြင်း၊
သင့်တာကို ပေးရခြင်း၊

၃။ ကျန်းမာစေလိုတဲ့စိတ်ထား ရှိရခြင်း၊ ပစ္စည်းတစ်စုံတစ်ရာ မမျှော်လင့်ရခြင်း၊

၄။ ကျင်ကြီး, ကျင်ငယ် အန်ဖတ် တံတွေးတွေကို ဖယ်ရှားပေးဖို့ မရွံရခြင်း၊

၅။ သင့်လျော်တဲ့အခါ တရားစကား ပြောပေးကာ စိတ်ကို ရွှင်လန်းတက်ကြွလာစေရခြင်း။

ဒီအရည်အသွေးကောင်း ၅ ခု မရှိသူဟာ လူနာကို ပြုစုဖို့ မသင့်ပါ။

(အံ၊ ပါဠိ၊ ၃၊ ၁၂၇)

http://www.dhammadownload.com



## ပြုစုရလွယ်ပါစေ

မကျန်းမာသူကလည်း ပြုစုရသူအတွက် အပြုစုရခက်သူ မဖြစ်ဖို့ လိုပါတယ်။ ပြုစုရလွယ်ကူသူ ဖြစ်ရပါမယ်။ ပြုစုရခက်တဲ့ လူနာနဲ့ ပြုစုရလွယ်တဲ့ လူနာလို့ နှစ်မျိုးခွဲကာ ဘုရားဟောကြားတော်မူခဲ့ပါတယ်။

## ပြုစုရခက်သူ အင်္ဂါ ၅ ပါး

၁။ မသင့်တာကို ပြုလုပ်ခြင်း၊
၂။ သင့်တော်ရာမှာ အတိုင်းအတာကို မသိခြင်း၊
၃။ ဆေးကို မမှီဝဲခြင်း၊
၄။ အကျိုးလိုလားတဲ့ ပြုစုသူအား ရောဂါရဲ့အခြေအနေကို အမှန်အတိုင်း မပြောခြင်း၊
တိုးရင် တိုးတယ်၊ လျော့ရင် လျော့တယ်၊ တန့်ရင် တန့်နေတယ်လို့ ပြောမပြခြင်း၊
၅။ ပြင်းထန်တဲ့၊ အသက်ကိုတောင် သေစေနိုင်လောက်တဲ့ ဆင်းရဲတွေကို သည်းမခံခြင်း။

ပြုစုရလွယ်ကူသူရဲ့ အင်္ဂါ ၅ ပါးကတော့ ပြောင်းပြန် ၅ ပါး ဖြစ်ပါတယ်။

(အံ၊ ပါဠိ၊ ၃၊ ၁၂၆)

http://www.dhammadownload.com

# ချမ်းသာ ၄ မျိုး

ဓနီးမောင်နှံနှစ်ဦးဟာ အနာထပိဏ်သူဌေးအား ဘုရားရှင် ဟောတော်မူခဲ့တဲ့ ဒီချမ်းသာ ၄ မျိုးကို ပိုင်ဆိုင်နိုင်သူတွေ ဖြစ်အောင် ကြိုးစားသင့်ကြပါတယ်။

၁။ ကြိုးကြိုးစားစားနဲ့ ရှာလို့ တရားသဖြင့် ရထားတဲ့ ဥစ္စာတွေရှိရင် 'ငါတို့မှာ အဲဒီလိုဥစ္စာတွေ ရှိနေတယ်' လို့ တွေးလိုက်တိုင်း စိတ်ချမ်းသာရတယ်၊ ဝမ်းသာရတယ်။ ဒါဟာ ရှိလို့ဖြစ်တဲ့ ချမ်းသာမှုပဲ။

၂။ အဲဒီလိုဥစ္စာတွေကို သုံးလည်းသုံးဆောင်၊ ကောင်းမှုတွေကိုလည်း ပြုသူဟာ 'ငါဟာ သုံးလည်း သုံးရတယ်၊ ကောင်းမှုတွေကိုလည်း လုပ်ရတယ်'လို့ တွေးလိုက်တိုင်း စိတ်ချမ်းသာရတယ်၊ ဝမ်းသာရတယ်။ ဒါဟာ သုံးစွဲသူမှာဖြစ်တဲ့ ချမ်းသာပဲ။

၃။ သူတစ်ပါးထံက နည်းနည်းဖြစ်စေ၊ များများဖြစ်စေ ကြွေးမယူရသူဟာ ကြွေးကင်းနေကြောင်း တွေးလိုက်ရင် စိတ်ချမ်းသာရတယ်၊ ဝမ်းသာရတယ်။ ဒါဟာ ကြွေးကင်းလို့ ဖြစ်တဲ့ချမ်းသာပဲ။

၄။ အပြစ်ကင်းတဲ့အလုပ်၊ အပြော၊ အတွေးရှိသူဟာ အပြစ်ကင်းတဲ့အလုပ်၊ အပြော၊ အတွေးရှိတာကို တွေး

http://www.dhammadownload.com



လိုက်ရင် စိတ်ချမ်းသာတယ်၊ ဝမ်းသာရတယ်။ ဒါဟာ အပြစ်ကင်းလို့ ဖြစ်ပေါ်လာတဲ့ ချမ်းသာပဲ။

အဲဒီချမ်းသာ ၄ မျိုးထဲက ရှေ့ ၃ မျိုးဟာ နောက်ဆုံးချမ်းသာ (အပြစ်ကင်းချမ်းသာ) ရဲ့ ၁၆ စိပ်ကို ၁၆ စိပ်ပြန်စိပ်ကာ တစ်စိပ်သောအဖို့ကိုတောင် မမီပါ။

(အံ၊ ပါဠိ၊ ပါ၊ ၃၈၀)

http://www.dhammadownload.com

# အကြွေးဒုက္ခ

ဓနီးမောင်နှံနှစ်ဦးဟာ အကြွေးနဲ့ပတ်သက်ပြီး ဘုရားရှင် ဟောထားတဲ့ ဒီစကားလေးတွေကိုလည်း မှတ်သားသင့်ကြပါတယ်။ အကြွေးနဲ့ပတ်သက်တဲ့ ဒုက္ခတွေကို သိပြီး အကြွေးကင်းအောင် ကြိုးစားသင့်ကြပါတယ်။

ကာမခံစားသူ လူတွေမှာ

၁။ ပစ္စည်းဥစ္စာ မဲ့တာ၊

၂။ အကြွေးယူတာ၊

၃။ ကြွေးတိုးနေတာ၊

၄။ အကြွေးပေးချိန်မှာ မပေးနိုင်လို့ အတောင်းခံရတာ၊

၅။ ကိုယ့်နောက်က အကြွေးတကောက်ကောက် လိုက်တောင်းနေတာ၊

၆။ အကြွေးမပေးနိုင်လို့ အဖမ်းခံရတာတွေဟာ ဆင်းရဲကြောင်းတွေပါပဲ။

(အံ၊ ပါဠိ၊ ၃၊ ၃၀၉)

http://www.dhammadownload.com

# နတ်ပြည်ရောက်မယ့် အမျိုးသမီး

တစ်ခါက ဘုရားရှင်ဟာ ဘဒ္ဒိယမြို့၊ ဟိမဝန္တာတောင်နဲ့ စပ်နေတဲ့ တောအုပ်မှာ သီတင်းသုံးပါတယ်။ မေဏ္ဍက သူဌေးရဲ့မြေး ဥဂ္ဂဟာက ဘုရားရှင်ရှိရာကို သွားပြီး ဘုရားရှင်ကိုရှိခိုးကာ သင့်တော်ရာမှာထိုင်ပြီး ဘုရားရှင်ကို ဒီလိုလျှောက်ပါတယ်။

'မြတ်စွာဘုရား၊ မနက်ဖြန်မှာ ဘုရားနဲ့ သံဃာတော် ၃ ပါး တပည့်တော်အိမ်မှာ ဆွမ်းဘုဥ်းပေးကြဖို့ လက်ခံတော်မူပါ ဘုရား'

ဘုရားရှင်က လက်ခံပြီး နောက်နေ့နံနက်မှာ ဥဂ္ဂဟာရဲ့အိမ်ကို ကြွပါတယ်။ ဥဂ္ဂဟာက မွန်မြတ်တဲ့ ခဲဖွယ် ဘောဇဉ်တွေနဲ့ ကိုယ်တိုင် အားရပါးရ ပြုစုလုပ်ကျွေးပါတယ်။ ဘုရားရှင် ဆွမ်းကိစ္စ ပြီးတဲ့အခါ ဒီလို လျှောက်ပါတယ်။

'မြတ်စွာဘုရား၊ တပည့်တော်ရဲ့ ဒီကလေးမလေးတွေက လင့်အိမ်ကို သွားကြပါတော့မယ်။ သူတို့ ရေရှည်မှာ စီးပွားချမ်းသာဖြစ်ဖို့ရာ အဆုံးအမ၊ အသွန်အသင် ပေးသနားတော်မူပါ'

ဘုရားရှင်က အဲဒီအမျိုးသမီးလေးတွေကို ဒီလို မိန့်တော်မူပါတယ်။

http://www.dhammadownload.com



၁။ အမျိုးသမီးလေးတို့၊ သင်တို့ဟာ ခင်ပွန်းရဲ့အရင် အိပ်ရာက ထကြရတယ်၊ ခင်ပွန်းရဲ့နောက်မှ အိပ်ရာ ဝင်ရတယ်။ 'ဘာလုပ်ရမလဲ၊ ဘာလုပ်ရမလဲ' လို့ ခင်ပွန်းရဲ့မျက်နှာကိုကြည့်ကာ လှည့်လည်ရတယ်။ မြတ်နိုးဖွယ်၊ ချစ်ခင်ဖွယ်စကားကို ပြောတတ်ရတယ်။

၂။ ခင်ပွန်းရဲ့မိဘ၊ သမဏ၊ ဗြာဟ္မဏ (အကိုးကွယ်ခံ ပုဂ္ဂိုလ်တွေ) ကို အရိုအသေပြုရတယ်၊ လေးစားရ တယ်၊ မြတ်နိုးရတယ်၊ ပစ္စည်းနဲ့ ပူဇော်ရတယ်။ ကိုယ့်ထံလာရင် နေရာပေးရတယ်။ ခြေဆေးရေ ပေး ရတယ်။

၃။ ခင်ပွန်းရဲ့အိမ်တွင်း အလုပ်ဖြစ်တဲ့ သားမွေး၊ ဝါဂွမ်း လို အလုပ်မျိုးတွေမှာ ကျွမ်းကျင်ရတယ်၊ မပျင်းရ ဘူး။ အဲဒီအလုပ်တွေမှာ စူးစမ်းရတယ်။ ကိုယ်တိုင် လည်း လုပ်တတ်ရတယ်။ သူတစ်ပါးတွေကိုလည်း စီမံတတ်ရတယ်။

၄။ ခင်ပွန်းရဲ့ အတွင်းလူဖြစ်တဲ့ ကျွန်၊ အစေခံ၊ အလုပ် သမားတွေရဲ့ အလုပ်လုပ်တာကို လုပ်တဲ့အတိုင်း၊ မလုပ်တာကို မလုပ်တဲ့အတိုင်း သိရတယ်။ မကျန်းမာ သူတွေမှာ အားရှိမရှိ သိရတယ်။ ခဲဖွယ် စားဖွယ် တွေကို သူတို့ရထိုက်တဲ့ အတိုင်းအတာအတိုင်း ခွဲဝေ ပေးရတယ်။

၅။ ခင်ပွန်း စုဆောင်းရှာဖွေလာတဲ့ ဥစ္စာ၊ စပါး၊ ရွှေ ငွေတွေကို စောင့်ရှောက်ရတယ်။ လုံခြုံစွာ ထားရ

http://www.dhammadownload.com



တယ်။ ယောက်ျားတစ်ပါးနဲ့ မလော်လည်ရ၊ သေရည်အရက် မသောက်ရ၊ ဥစ္စာကို မခိုးရ၊ မဖျက်ဆီးရဘူး။

ဒီ ၅ မျိုးနဲ့ ပြည့်စုံနေတဲ့ အမျိုးသမီးဟာ သေရင် နိမ္မာနရတိနတ်ပြည်ကို ရောက်ရတယ်။

(အံ၊ ပါဠိ၊ ပါ၊ ၃၁)

ဘုရားရှင်က အရှင်အနုရုဒ္ဓါ၊ ဝိသာခါ၊ နကုလမာတာတို့အား ဟောတော်မူတဲ့အခါမှာတော့

၁။ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်မှု၊

၂။ ငါးပါးသီလ လုံခြုံမှု၊

၃။ ဒါနပြုမှု၊

ဒီသုံးပါးကိုလည်း ထည့်ပြီးဟောတော်မူပါတယ်။

(အံ၊ ပါဠိ၊ တ၊ ၉၃၊ ၉၆)

http://www.dhammadownload.com

# သင်က ဘယ်လိုမယားလဲ

ဘုရားရှင်ဟာ နံနက်ပိုင်းမှာ သင်းပိုင်ကို ပြင်ကာ ဝတ်ပြီး သပိတ်၊ သင်္ကန်းကိုယူကာ အနာထပိဏ်ရဲ့အိမ်ကို ကြွပါတယ်။ ခင်းထားတဲ့နေရာမှာ ထိုင်ပါတယ်။ အဲဒီအခါ အနာထပိဏ်အိမ်မှာ လူသံတွေ ဆူညံနေပါတယ်။ အနာထပိဏ်က ဘုရားရှင်ထံသွားပြီး ရှိခိုးကာ သင့်တော်ရာမှာ ထိုင်ပါတယ်။ အနာထပိဏ်ကို ဘုရားရှင်က ဒီလိုမိန့်တော်မူပါတယ်။

'အနာထပိဏ်သူကြွယ်၊ သင့်အိမ်မှာ လူသံတွေ ဆူညံလှချည်လား၊ တံငါသည်တွေ ငါးရောင်းတဲ့နေရာမှာ အသံကျယ်ကျယ်နဲ့ စကားပြောကြတဲ့ ငါးဝယ်သူတွေများလား'

'မြတ်စွာဘုရား၊ ဒီသုဇာတာ (ဝိသာခါရဲ့ညီမ) ဆိုတဲ့ ချွေးမကို ချမ်းသာကြွယ်ဝတဲ့အမျိုးက ဆောင်ယူထားပါတယ်။ သူက ယောက္ခမတွေနဲ့ လင်အပေါ် လုပ်ရမယ့်ဝတ္တရားတွေကို မလုပ်ပါ၊ မလေးစားပါ၊ ဘုရားရှင်ကိုလည်း မရိုသေ၊ မလေးစား၊ မမြတ်နိုး၊ မပူဇော်ပါဘုရား'

'သုဇာတာ လာလော့' လို့ ဘုရားရှင်က သုဇာတာကို ခေါ်လိုက်ပါတယ်။ 'မှန်ပါဘုရား' လို့ လျှောက်ကာ ဘုရားရှင်

http://www.dhammadownload.com



ထံ သွားပြီး ရှိခိုးကာ သင့်တော်ရာမှာ သုဇာတာ ထိုင်နေပါတယ်။ ဘုရားရှင်က အောက်ပါအတိုင်း မိန့်တော်မူပါတယ်။

'သုဇာတာ၊ မယား ၇ မျိုး ရှိတယ်။

၁။ လူသတ် သမားနဲ့တူတဲ့မယား၊

၂။ သူခိုးမနဲ့တူတဲ့ မယား၊

၃။ အရှင် သခင်နဲ့တူတဲ့ မယား၊

၄။ အမေနဲ့တူတဲ့ မယား၊

၅။ နှမနဲ့ တူတဲ့ မယား၊

၆။ မိတ်ဆွေမနဲ့တူတဲ့ မယား၊

၇။ ကျွန်မနဲ့ တူတဲ့ မယား။

အဲဒီမယား ၇ မျိုးထဲက သင်ဟာ ဘယ်လိုမယားလဲ'

'မြတ်စွာဘုရား၊ အကျဉ်းအားဖြင့် ဟောထားတဲ့ အဲဒီစကားရဲ့ အနက်အဓိပ္ပာယ်ကို အကျယ်အားဖြင့် တပည့်တော်မသိပါ။ တပည့်တော် တောင်းပန်ပါတယ်၊ အကျယ်သိရအောင် ဟောပြတော်မူပါ'

'သုဇာတာ၊ ဒီလိုဆိုရင် နားထောင်ပါ၊ ကောင်းကောင်းနှလုံးသွင်းပါ၊ ဟောပါမယ်'

'မှန်ပါဘုရား'

## လူသတ်သမားနဲ့တူတဲ့ မယား

ဒေါသကြီးတယ်၊ လင်ရဲ့အကျိုးစီးပွားကို မလိုလားဘူး။ အခြားယောကျ်ားတွေကို တပ်မက်တယ်။ လင်ကို

http://www.dhammadownload.com



အထင်သေးတယ်။ ဥစ္စာနဲ့ အဝယ်ခံထားရသူဖြစ်တယ်။ လင်ကို သတ်ဖို့ ကြိုးစားတယ်။

## သူခိုးမနဲ့တူတဲ့ မယား

လင်က မယားအတွက် ကုန်သွယ်ပြီး၊ လယ်ထွန်ပြီး ဥစ္စာတွေကိုရအောင် လုပ်တယ်၊ ရတယ်။ အဲဒီဥစ္စာထဲက နည်းနည်းလေးတောင် ခိုးယူချင်တယ်။

## အရှင်သခင်နဲ့တူတဲ့ မယား

အလုပ်မလုပ်ချင်ဘူး၊ ပျင်းတယ်၊ အစားကြီးတယ်၊ ကြမ်းတမ်းတယ်၊ ကြမ်းကြုတ်တယ်၊ အပြောဆိုးတယ်၊ အလုပ်ကြိုးစားတဲ့လင်ကို အနိုင်ကျင့်တယ်။

## အမေနဲ့တူတဲ့ မယား

အမြဲတမ်း လင်ရဲ့အကျိုးစီးပွားကို လိုလားတယ်၊ မိခင်က သားကို စောင့်ရှောက်သလို စောင့်ရှောက်တယ်။ လင်ရှာဖွေထားတဲ့ဥစ္စာကို စောင့်ရှောက်တယ်။

## နှမနဲ့တူတဲ့ မယား

အစ်မ၊ နှမပမာ ကိုယ့်လင်အပေါ်မှာ ရိုသေတယ်၊ အရှက်ရှိတယ်၊ လင့်အလိုကို လိုက်တယ်။

http://www.dhammadownload.com



## မိတ်ဆွေမနဲ့တူတဲ့ မယား

ကြာမြင့်စွာမှ ပြန်လာတဲ့လင်ကို မြင်ရရင် ဝမ်းသာတယ်။ မိတ်ဆွေမက မိတ်ဆွေကို မြင်ရရင် ဝမ်းသာသလိုပါပဲ။ အမျိုးကောင်းတယ်၊ သီလရှိတယ်၊ လင်ကို နတ်လိုပဲ ရိုသေတယ်၊ လုပ်ကျွေးတယ်။

## ကျွန်မနဲ့တူတဲ့ မယား

တုတ်ကိုယူပြီး နင့်ကိုသတ်မယ်လို့ ခြိမ်းခြောက်ပေမယ့် အမျက်မထွက်၊ အေးချမ်းတယ်၊ ဒေါသမထွက်၊ လင့်အပေါ် သည်းခံတယ်၊ လင့်အလိုကို လိုက်တယ်။

လူသတ်သမား၊ သူခိုးမ၊ အရှင်သခင်မတွေနဲ့တူတဲ့မယားတွေဟာ သီလမရှိ၊ ကြမ်းတမ်းတယ်၊ ရိုသေလေးစားမှုမရှိကြ။ အဲဒီမယား ၃ ယောက်ဟာ သေရင် ငရဲရောက်ကြတယ်။

အမေ၊ နှမ (အစ်မ)၊ မိတ်ဆွေမ၊ ကျွန်မတွေနဲ့တူတဲ့မယားတွေဟာ သီလမှာ တည်ကြလို့ ကြာမြင့်စွာ စောင့်စည်းမှုရှိကြတယ်။ သေရင် လူ့ပြည် နတ်ပြည် ရောက်ကြတယ်။

'သုဇာတာ၊ သင်ဟာ အဲဒီမယား ၇ မျိုးထဲက ဘယ်လိုမယားလဲ'

'မြတ်စွာဘုရား၊ တပည့်တော်ကို ဒီနေ့ကစပြီး ကျွန်မနဲ့တူတဲ့ မယားလို့ မှတ်ယူတော်မူပါ' (အံ၊ ပါဠိ၊ ပါ၊ ၄၆၆)

http://www.dhammadownload.com

# ကြည့်ပေါင်းပါ

ဇနီးမောင်နှံနှစ်ဦးသည် ရှောင်ရမယ့်မိတ်ဆွေနဲ့ ပေါင်းသင်းရမယ့် မိတ်ဆွေတွေကို ခွဲခြားသိနိုင်ဖို့ လိုပါတယ်။ ရှောင်ရမယ့်မိတ်ဆွေ ၄ ယောက်နဲ့ ပေါင်းသင်းရမယ့်မိတ်ဆွေ ၄ ယောက် ရှိကြောင်း ဘုရားရှင်က သိင်္ဂါလက သူကြွယ်အား ဟောကြားတော်မူခဲ့ပါတယ်။

**ရှောင်ရမယ့်မိတ်ဆွေ ၄ ယောက်**

၁။ လာတော့ လက်ချည်းပဲ၊ ဘာမှမပါဘဲ လာတယ်။ ပြန်တော့ တစ်ခုခုကို ယူသွားတဲ့မိတ်ဆွေ။
၂။ စကားမျှနဲ့သာ ပေးသယောင်ပြုလုပ်တဲ့ မိတ်ဆွေ။
၃။ စိတ်တွင်းကမပါ၊ အပြင်ကသာ ချစ်ယောင်ဆောင်တဲ့ မိတ်ဆွေ။
၄။ စည်းစိမ်ပျက်စီးကြောင်း အလုပ်တွေမှာ အဖော်လုပ်တဲ့ မိတ်ဆွေ။

ဒီမိတ်ဆွေ ၄ ယောက်ကို ပညာရှိဟာ ဝေးဝေးက ရှောင်ရှားရတယ်။ ဥပမာ ဘေးရန်ရှိတဲ့လမ်းကို ရှောင်သလိုပါပဲ။ (ပါထိကပါဠိ၊ ၁၅၂)

http://www.dhammadownload.com



## ပေါင်းသင်းရမယ့် မိတ်ဆွေ ၄ ယောက်

၁။ ကျေးဇူးဆောင်ရွက်တတ်တဲ့ မိတ်ဆွေ၊
၂။ ချမ်းသာဆင်းရဲ အတူတူဖြစ်တဲ့ မိတ်ဆွေ၊
၃။ ဆရာသမားသဖွယ် အကျိုးစီးပွားကို ပြောကြားတတ်တဲ့ မိတ်ဆွေ၊
၄။ ညှာတာသနားတတ်တဲ့ မိတ်ဆွေ၊

ဒီမိတ်ဆွေ ၄ ယောက်ကို ပညာရှိဟာ ရိုရိုသေသေ လေးလေးစားစား ပေါင်းသင်းရပါတယ်။ ဥပမာ မိခင်ဟာ ကိုယ့်ရင်က သားလေးကို ပေါင်းသင်းသလိုပါပဲ။ သီလ၊ ပညာရှိသူဟာ ညအခါ တောင်ထိပ်မှာ တောက်လောင်နေတဲ့ မီးပမာ တင့်တယ်ပါတယ်။

(ပါထိကပါဠိ၊ ၁၅၃)

http://www.dhammadownload.com

# ပျားနဲ့ခြကို အတုယူ

စည်းစိမ်ဥစ္စာ စုဆောင်းသူဟာ ပျားကောင်နဲ့ခြပမာ စုဆောင်းရပါတယ်။ ပျားကောင်ဟာ ပန်းတွေရဲ့အဆင်း၊ အနံ့ကို မထိခိုက်၊ မဖျက်ဆီးဘဲ နှုတ်သီးနဲ့ရော အတောင်တွေနဲ့ပါ ဝတ်ရည်ကို စုပ်ယူတယ်၊ တဖြည်းဖြည်းနဲ့ လှည်းဘီးလောက်ရှိတဲ့ ပျားအုံကို လုပ်တယ်။ ခြတွေဟာ တဖြည်းဖြည်းစုလို့ တောင်ပို့ဖြစ်လာတယ်။ အဲဒီလိုနည်းနဲ့ စုဆောင်းရင် စည်းစိမ်ဥစ္စာတွေ ဧနီးမောင်နှံမှာ တိုးပွားလာပါမယ်။

(ပါထိကပါဠိ၊ ပါ၊ ၁၅၃)

http://www.dhammadownload.com

# ၄ ပုံ ပုံပါ

အိမ်ရာတည်ထောင်တဲ့ လူဝတ်ကြောင်ဟာ အဲဒီလို စည်းစိမ်ဥစ္စာတွေကို စုဆောင်းပြီးတော့ ဥစ္စာတွေကို ၄ ပုံ ပုံရတယ်။ မိတ်ဆွေတွေကို ဖွဲ့ချည်ရတယ်။

၁။ တစ်ပုံကို သုံးစွဲပါ။ (ကုသိုလ်ပြုစရာရှိရင် ဒီအပုံထဲက ပြုပါ)

၂။ နှစ်ပုံနဲ့ အလုပ်လုပ်ပါ။

၃။ ၄ ခုမြောက်အပုံကို သိမ်းဆည်းထားပါ။

ဘေးရန်တွေ ပေါ်ပေါက်လာရင် သုံးဖို့ဖြစ်ပါတယ်။

(ပါထိကပါဠိ၊ ၁၅၃)

http://www.dhammadownload.com

# မိတ်ဆွေအဂင်္ါ အဖြာဖြာ

## ယူရုံသာ ယူတဲ့မိတ်ဆွေအင်္ဂါ ၄ ပါး

၁။ လက်ချည်းလာပြီး တစ်ခုခုကို ရအောင်ယူသွားခြင်း၊
၂။ နည်းနည်းပေးပြီး များများလိုချင်ခြင်း၊
၃။ မိမိမှာ ဘေးရန်ပေါ်လာမှ ကိုယ့်ကိစ္စကို ဆောင်ရွက်ခြင်း၊
၄။ သူ့အကျိုးကိုသာကြည့်ပြီး ပေါင်းသင်းခြင်း၊

(ပါထိကပါဠိ၊ ၁၅၁)

## နှုတ်ဖြင့်သာ ပြောဆိုနေတတ်တဲ့ မိတ်ဆွေအင်္ဂါ ၄ ပါး

၁။ အတိတ်နဲ့ လောကွက်စကားပြောခြင်း၊
(မနေ့ကများ ရောက်လာရင် ဟင်းကောင်းစားရမှာ၊ ဒီနေ့တော့ ဟင်းကောင်းမရှိလို့ ထမင်းမကျွေးတော့ဘူးစတဲ့ ပြောခြင်းမျိုး)
၂။ အနာဂတ်နဲ့ လောကွက်စကား ပြောခြင်း၊
(မိတ်ဆွေက နှစ်ရက် သုံးရက်လောက် မနေနိုင်မှန်းသိလို့ ‘နောက်နှစ်ရက် သုံးရက်ဆိုရင် ဟင်းကောင်း

http://www.dhammadownload.com



ကောင်းနဲ့ ထမင်းကျွေးနိုင်မှာပါ၊ ခေတ္တဆိုင်းပါဦး'
စတဲ့ ပြောခြင်းမျိုး)

၃။ အကျိုးမရှိတဲ့စကားနဲ့ လောကွတ်စကားပြောခြင်း၊
(ကျွန်ုပ်အဝတ်အစားများဟာ မိတ်ဆွေနဲ့ လိုက်ဖက်တာပဲ။ ဒါပေမဲ့ ပေးစရာအပိုလည်း မရှိဘူးဗျာစတဲ့ ပြောခြင်းမျိုး)

၄။ ကိုယ့်ကိစ္စ ကြုံလာတဲ့အခါ သူ့မှာ ဥစ္စာပျက်စီးနေကြောင်းကိုသာ ပြောဆိုနေခြင်း။

(ပါထိကပါဠိ၊ ၁၅၁)

## ချစ်ယောင်ဆောင်တဲ့ မိတ်ဆွေအင်္ဂါ ၄ ပါး

၁။ မကောင်းတာကိုလည်း လိုက်လျောခြင်း၊

၂။ ကောင်းတာကိုလည်း လိုက်လျောခြင်း၊

၃။ ရှေ့မှောက်မှာ ချီးမွမ်းခြင်း၊

၄။ ကွယ်ရာမှာ ကဲ့ရဲ့ခြင်း။

(ပါထိကပါဠိ၊ ၁၅၁)

## စည်းစိမ်ပျက်စီးကြောင်းမှာ အဖော်လုပ်တဲ့ မိတ်ဆွေအင်္ဂါ ၄ ပါး

၁။ အရက်သေစာ၊ မူးယစ်ဆေးဝါး သုံးစွဲရာမှာ အဖော်လုပ်ခြင်း၊

http://www.dhammadownload.com



၂။ အချိန်အခါမဲ့မှာ လမ်းလျှောက်ဖို့ အဖော်လုပ်ခြင်း၊
၃။ ပွဲလမ်းသဘင် ကြည့်ရှုဖို့ အဖော်လုပ်ခြင်း၊
၄။ လောင်းကစားလုပ်ရာမှာ အဖော်လုပ်ခြင်း၊

ဒီမိတ်ဆွေတွေဟာ ရှောင်ကြဉ်ရမယ့် မိတ်ဆွေတွေ ဖြစ်တယ်။

## ကျေးဇူးပြုတဲ့ မိတ်ဆွေအင်္ဂါ ၄ ပါး

၁။ ကိုယ်က သေရည်အရက်သောက်ပြီး ရှာလယ်၊ ရှာတံခါး၊ လမ်းမှာ မူးလဲနေရင် ပစ္စည်းမပျောက်အောင် စောင့်ရှောက်ပေးခြင်း၊
၂။ ကိုယ်က အိမ်ပြင်သွားရင်ဖြစ်စေ၊ အရက်သောက်ပြီး မူးနေရင်ဖြစ်စေ၊ ကိုယ့်အိမ်ရှိ ဥစ္စာကို စောင့်ရှောက်ပေးခြင်း၊
၃။ ကိုယ်က ကြောက်နေရင် ခိုကိုးရာဖြစ်ခြင်း၊
၄။ ကိုယ်က အကူအညီတောင်းရင် လိုသည်ထက် နှစ်ဆပေးခြင်း၊

## ချမ်းသာဆင်းရဲအတူတူ မိတ်ဆွေအင်္ဂါ ၄ ပါး

၁။ သူ့ရဲ့လျှို့ဝှက်ချက်ကို ပြောပြခြင်း၊
၂။ ကိုယ့်ရဲ့လျှို့ဝှက်ချက်ကို ဖုံးပေးခြင်း၊
၃။ ဘေးရန်တွေ ကြုံတဲ့အခါ ကိုယ့်ကိုစွန့်မသွားခြင်း၊

http://www.dhammadownload.com



၄။ ကိုယ့်အကျိုးအတွက် သူ့ရဲ့အသက်ကိုတောင် စွန့်ခြင်း၊

(ပါထိကပါဠိ၊ ၁၅၂)

## ဆရာသဖွယ် အကျိုးစီးပွားကိုပြောတဲ့ မိတ်ဆွေအင်္ဂါ ၄ ပါး

၁။ မကောင်းတာကို လုပ်နေတာတွေ့ရင် တားမြစ်ခြင်း၊
၂။ ကောင်းတာတွေကို လုပ်ဖို့ တိုက်တွန်းခြင်း၊
၃။ မကြားဖူးသေးတဲ့ တရားစကားကို ပြောပြခြင်း၊
၄။ နတ်ပြည်ရောက်ကြောင်းလမ်းကို ပြောပြခြင်း၊

(ပါထိကပါဠိ၊ ၁၅၃)

## ညှာတာသနားတတ်တဲ့ မိတ်ဆွေအင်္ဂါ ၄ ပါး

၁။ ကိုယ့်ရဲ့ပျက်စီးဆုံးရှုံးမှုကို မြင်ရင် ကြားရင် စိတ်မကောင်းခြင်း၊
၂။ ကိုယ့်ရဲ့ပြည့်စုံမှုကို မြင်ရင် ကြားရင် ဝမ်းသာခြင်း၊
၃။ ကိုယ့်ရဲ့အပြစ်ကို အခြားလူတစ်ယောက်က ပြောနေရင် တားမြစ်ခြင်း၊
၄။ ကိုယ့်ရဲ့ဂုဏ်ကို အခြားလူကပြောနေရင် ချီးမွမ်းခြင်း၊
ဒီလိုမိတ်ဆွေတွေကို ပေါင်းသင်းဆက်ဆံရတယ်။

http://www.dhammadownload.com

# ရှောင်လေဝေးဝေး မူးယစ်ဆေး

ဖနီးမောင်နှံဟာ ရှိထားတဲ့ စီးပွားတွေ မပျက်ရအောင် သေရည်၊ အရက်၊ မူးယစ်ဆေးဝါး သုံးစွဲတာကို ရှောင်ရတယ်။ သုံးစွဲရင် ဆိုးကျိုး ၆ မျိုး ရကြောင်းကို ဘုရားရှင်က သိင်္ဂါလကသူကြွယ်သားအား ဟောကြားတော်မူခဲ့တယ်။

၁။ စီးပွားပျက်ခြင်း၊

၂။ ခိုက်ရန်ပွားခြင်း၊

၃။ ရောဂါများခြင်း၊

၄။ နာမည်ပျက်ခြင်း၊

၅။ ကိုယ်အင်္ဂါ မလုံခြုံလို့ အရှက်ကွဲခြင်း၊

၆။ အသိပညာ အားနည်းခြင်း၊

(ပါထိကပါဠိ၊ ၁၄၈)

http://www.dhammadownload.com

# ချိန်ခါမဲ့မှာ ခရီးမသွားရာ

ဇနီးမောင်နှံနှစ်ဦးဟာ စီးပွားမပျက်ရအောင် အချိန်အခါမဲ့မှာ ခရီးသွားတာကို ရှောင်ရပါတယ်။ မရှောင်ရင် ရနိုင်တဲ့ အပြစ် ၆ ပါးကို ဘုရားရှင်က သိင်္ဂါလကသူကြွယ်သားအား ဟောကြားတော်မူခဲ့ပါတယ်။

၁။ ကိုယ်ကိုယ်တိုင်လည်း ဘေးရန်မလုံခြုံခြင်း၊

၂။ သားသမီး၊ ဇနီးမယားလည်း ဘေးရန်မလုံခြုံခြင်း၊

၃။ ကိုယ့်ပစ္စည်းဥစ္စာလည်း ဘေးရန်မလုံခြုံခြင်း၊

၄။ မကောင်းမှုလုပ်ငန်းတွေမှာ ယုံမှားခံရခြင်း၊

၅။ မဟုတ်မမှန် စွပ်စွဲခံရခြင်း၊

၆။ ဒုက္ခမျိုးစုံ ကြုံရခြင်း၊

(ပါထိကပါဠိ၊ ၁၄၈)

http://www.dhammadownload.com

# ပွဲနဲ့ စီးပွား

ဓနီးမောင်နှံနှစ်ဦးဟာ စီးပွားမပျက်ရအောင် ပွဲလမ်းသဘင် သွားခြင်းကို ရှောင်ကြဉ်ရတယ်။ ပွဲလမ်းသဘင်သွားခြင်းရဲ့အပြစ်တွေကို ဘုရားရှင်က သိင်္ဂါလကသူကြွယ်သားအား ဒီလိုဟောတော်မူခဲ့ပါတယ်။

၁။ ကပွဲရှိရာသို့ သွားဖန်များခြင်း၊

၂။ သီချင်းဆိုပွဲရှိရာသို့ သွားဖန်များခြင်း၊

၃။ တီးမှုတ်ပွဲရှိရာသို့ သွားဖန်များခြင်း၊

၄။ ပြဇာတ် ရုပ်ရှင်ရုံရှိရာသို့ သွားဖန်များခြင်း၊

၅။ လက်ခုပ်တီးသံရှိရာသို့ သွားဖန်များခြင်း၊

၆။ အိုးစည်တီးဝိုင်းရှိရာသို့ သွားဖန်များခြင်း၊

ဒီပွဲလမ်းသဘင်တွေကို အလည်အပတ် သွားဖန်များသူမှာ စီးပွားပျက်တတ်တယ်။

(ပါထိကပါဠိ၊ ၁၄၈)

http://www.dhammadownload.com

# လောင်းကစားနဲ့ စီးပွား

ဇနီးမောင်နှံနှစ်ဦးဟာ စီးပွားမပျက်ရအောင် အလောင်းအကစားတွေကို ရှောင်ကြဉ်ရတယ်။ မရှောင်ကြဉ်ရင် ရနိုင်မယ့် အပြစ်တွေကို ဘုရားရှင်က သိင်္ဂါလက သူကြွယ်သားအား ဒီလို ဟောတော်မူခဲ့ပါတယ်။

၁။ နိုင်ရင် ရန်ပွားခြင်း၊

၂။ ရှုံးရင် စိုးရိမ်ပူပန်ရခြင်း၊

၃။ စီးပွားပျက်ခြင်း၊

၄။ ပရိသတ်ဗိုလ်ပုံအလယ်မှာ ကိုယ့်စကား အရာမရောက်ခြင်း၊

၅။ ဆွေမျိုး၊ မိတ်ဆွေတွေ စွန့်ခွာသွားခြင်း၊

၆။ သမီးရှင်တွေက မိမိတို့သမီးနှင့် မပေးစား၊ မထိမ်းမြားပေးလိုခြင်း၊

(ပါထိကပါဠိ၊ ၁၄၉)

http://www.dhammadownload.com

# မိတ်မကောင်း ၆ ယောက်

ဇနီးမောင်နှံနှစ်ဦးဟာ မိတ်မကောင်းတွေနဲ့ မပေါင်းသင်းရဘူး၊ ပေါင်းသင်းရင် စီးပွားပျက်မယ်။ မိတ်မကောင်း ၆ ယောက် ရှိကြောင်းကို ဘုရားက သိင်္ဂါလကအား ဟောခဲ့ပါတယ်။

၁။ ကြွေအန်လောင်းကစားသူ၊

၂။ မိန်းမစသည် လိုက်စားပျော်ပါးသူ၊

၃။ အရက်သေစာ သောက်စားသူ၊

၄။ အတုနဲ့ လှည့်ပတ်သူ၊

၅။ မျက်မှောက်မှာ လိမ်သူ၊

၆။ ခိုးယက်လုယူသူ၊

(ပါထိကပါဠိ၊ ၁၄၉)

http://www.dhammadownload.com

# လူပျင်းမဖြစ်ပါနဲ့

ဇနီးမောင်နှံနှစ်ဦးဟာ လူပျင်း ၆ ဦးထဲမှာ မပါမှ စီးပွားမပျက်မှာပါ။ လူပျင်းစာရင်းဝင်သွားရင် စီးပွားပျက်လိမ့်မယ်။ လူပျင်း ၆ မျိုးကို ဘုရားက သိင်္ဂါလကအား ဟောကြားခဲ့ပါတယ်။

၁။ အေးလွန်းတယ်၊ ချမ်းလွန်းတယ်လို့ အကြောင်းပြကာ ပျင်းသူ၊

၂။ ပူလွန်းတယ်၊ အိုက်လွန်းတယ်လို့ မကြောင်းပြကာ ပျင်းသူ၊

၃။ မိုးချုပ်လွန်းတယ်လို့ အကြောင်းပြကာ ပျင်းသူ၊

၄။ စောလွန်းသေးတယ်လို့ အကြောင်းပြကာ ပျင်းသူ၊

၅။ ဗိုက်ပြည့်လွန်းတယ်လို့ အကြောင်းပြကာ ပျင်းသူ၊

၆။ ဆာလွန်းတယ်လို့ အကြောင်းပြကာ ပျင်းသူ၊

အဲဒီလို ပျင်းပြီး အလုပ်မလုပ်သူမှာ မဖြစ်သေးတဲ့ စီးပွား ဖြစ်မလာ၊ ဖြစ်ပြီးစီးပွားတွေ ပျက်တယ်။

(ပါထိကပါဠိ၊ ၁၄၉)

http://www.dhammadownload.com

# အတုယူကာ ကျင့်သုံးပါ

ဇနီးမောင်နှံနှစ်ဦးဟာ သားသမီးလောင်းလျာတွေနဲ့ ပတ်သက်ပြီး ဗောဓိမင်းသားနဲ့ မိခင် ပြုလုပ်ခဲ့ပုံလေးကို အတုယူကျင့်သုံးသင့်ကြပါတယ်။ ကိုယ်ဝန်ရှိနေတဲ့ အဲဒီမိခင်ဟာ ဘုရားရှင်ထံ သွားပါတယ်၊ ရှိခိုးပါတယ်။ သင့်တော်ရာအရပ်မှာ ထိုင်ပါတယ်။ ပြီးတော့ ဘုရားရှင်ကို ဒီလိုလျှောက်ပါတယ်။

'မြတ်စွာဘုရား၊ တပည့်တော်ရဲ့ဝမ်းဗိုက်ထဲမှာ ရှိနေတဲ့ မင်းသားလေး၊ သို့မဟုတ် မင်းသမီးလေးဟာ ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပါတယ်။ အဲဒီကလေးကို ဘုရားရှင်က ဒီနေ့ကစပြီး ရတနာသုံးပါးကို အသက်ပေးကာ ဆည်းကပ်ကိုးကွယ်တဲ့သူလို့ မှတ်ယူတော်မူပါ'

နောက်ပြီးတော့ အထိန်းသည်က ဗောဓိမင်းသားလေးကို ရင်ခွင်နဲ့ချီပြီး ဘုရားရှင်ထံ သွားပါတယ်၊ ရှိခိုးပါတယ်၊ သင့်တင့်ရာအရပ်မှာ ထိုင်ပါတယ်။ ပြီးတော့ ဘုရားရှင်ကို ဒီလိုလျှောက်ပါတယ်။

'မြတ်စွာဘုရား၊ ဒီ ဗောဓိမင်းသားလေးဟာ ဘုရား၊

http://www.dhammadownload.com



တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပါ တယ်။ ဒီဗောဓိမင်းသားလေးကို ဘုရားရှင်က ဒီနေ့ကစပြီး ရတနာသုံးပါးကို အသက်ပေးကာ ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာလို့ မှတ် ယူတော်မူပါ'

(မဇ္ဈိမပဏ္ဏာ၊ ပါဠိ၊ ၃၀၀)

ဒီဗောဓိမင်းသားလေးရဲ့ မိခင်နဲ့ အထိန်းသည်တို့ရဲ့ ဗောဓိမင်းသားအတွက် ပြုလုပ်ပေးပုံဟာ မှတ်သား လိုက်နာ ကျင့်သုံးစရာ ကောင်းပါတယ်။

မိခင်ဝမ်းဗိုက်ထဲမှာ ရောက်နေတဲ့ ဗောဓိမင်းသား လောင်းလျာ သန္ဓေသားလေးဟာ သရဏဂုံ ယူလို့ရပါသလား၊ မရပါ။ စိတ်မပါဘဲနဲ့ သရဏဂုံ ရရှိးမရှိပါ။ ဒါပေမဲ့ သန္ဓေ သားအတွက် အစောင့်အရှောက်တော့ ထားပြီး ဖြစ်သွားတာပါ ပဲ။ အဲဒီကလေး ကြီးလာတဲ့အခါ (သိတတ်တဲ့အရွယ်) မှာ မိဘတွေက 'ငါ့သား၊ မင်းမိခင်ဝမ်းဗိုက်ထဲမှာ ရှိစဉ်ကပဲ မင်းကို ငါတို့သရဏဂုံ ယူစေခဲ့ကြတယ်' လို့ အမှတ်ရစေ ကြ (သတိပေးကြ) တယ်။ အဲဒီကလေးကလည်း မှတ်သားပြီး 'ငါဟာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာ ဖြစ်ခဲ့တယ်' လို့ သတိကို ဖြစ်စေရင် သရဏဂုံယူပြီးသည် မည်ပါတယ်။

(မဇ္ဈိမပဏ္ဏာ၊ ဋ္ဌ၊ ၂၂၆)

http://www.dhammadownload.com

# နှစ်ဖက်မြင်

ဇနီးမောင်နှံနှစ်ဦးဟာ မျက်စိကန်းသူနဲ့ တစ်ဖက်မြင် ပုဂ္ဂိုလ် မဖြစ်သင့်ပါ။ နှစ်ဖက်မြင်ပုဂ္ဂိုလ် ဖြစ်ရပါမယ်။ အဲဒီ ပုဂ္ဂိုလ် ၃ မျိုးနဲ့ ပတ်သက်ပြီး ဘုရားရှင်က ဒီလိုဟောတော် မူခဲ့ပါတယ်။

၁။ မရသေးတဲ့ ပစ္စည်းဥစ္စာကို ရအောင်၊ ရပြီးသားကို တိုးပွားလာအောင် လုပ်နိုင်တဲ့ မျက်စိနဲ့ ကုသိုလ်၊ အကုသိုလ်၊ အပြစ်ရှိမရှိ၊ အယုတ် အမြတ်၊ အမည်း အဖြူတရားတွေကို ခွဲခြားသိနိုင်တဲ့မျက်စိ။ ဒီမျက်စိ နှစ်မျိုးလုံး ကန်းသူ။

၂။ ပထမမျက်စိသာ ရှိပြီး ဒုတိယမျက်စိ မရှိသူဟာ တစ်ဖက်မြင်ပုဂ္ဂိုလ်။

၃။ မျက်စိနှစ်မျိုးလုံး ရှိသူ။

မျက်စိနှစ်မျိုးလုံး ကန်းသူမှာ စည်းစိမ်ဥစ္စာလည်း မရှိ၊ ကောင်းမှုတွေကိုလည်း မလုပ်၊ သူဟာ ဒီဘဝမှာရော နောက်ဘဝမှာပါ ဆုံးရှုံးတယ်။ ဒီဘဝအကျိုးရော နောက်ဘဝ အကျိုးပါ ဆုံးရှုံးတယ်။

တစ်ဖက်မြင်ပုဂ္ဂိုလ်ဟာ တရားသဖြင့်ရော၊ မတရား

http://www.dhammadownload.com



သဖြင့်ပါ ကောက်ကျစ်စဉ်းလဲစွာနဲ့ စည်းစိမ်ဥစ္စာတွေကို ရှာဖွေတယ်။ လိမ်ညာပြီး ရှာဖွေတယ်။ စီးပွားရှာရာမှာ ကျွမ်းကျင်တယ်။ သူဟာ သေတော့ ငရဲရောက်ပြီး ပင်ပန်းဆင်းရဲတယ်။

နှစ်ဖက်မြင်ပုဂ္ဂိုလ်ကတော့ တရားသဖြင့် ရထားတဲ့ ဥစ္စာတွေနဲ့ လှူဒါန်းတယ်။ သေတော့ သောကကင်းရတဲ့ နတ်ပြည် ရောက်တယ်။

နှစ်ဖက်ကန်းပုဂ္ဂိုလ်နဲ့ တစ်ဖက်မြင်ပုဂ္ဂိုလ်ကို ဝေးဝေးက ရှောင်ရတယ်။ မြင့်မြတ်တဲ့ နှစ်ဖက်မြင်ပုဂ္ဂိုလ်ကို မှီဝဲပေါင်းသင်းရတယ်။

(အံ၊ ပါဠိ၊ ပ၊ ၁၂၇)

http://www.dhammadownload.com

# ပြုစုကြပါ

ဇနီးမောင်နှံနှစ်ဦးမှာ မိဘတွေ ရှိကြပါတယ်။ မိဘနှစ်ဦးကို ပြုစုတဲ့သားသမီးတွေမှာ ဗြဟ္မာတွေ ရှိနေပါတယ်။ လက်ဦးဆရာတွေ ရှိနေပါတယ်။ အလှူခံပုဂ္ဂိုလ်တွေ ရှိနေပါတယ်။ ဗြဟ္မာ၊ လက်ဦးဆရာ၊ အလှူခံပုဂ္ဂိုလ်ဆိုတဲ့အမည် ၃ မျိုးဟာ မိဘတွေရဲ့နာမည်တွေ ဖြစ်ပါတယ်။ အကြောင်းကတော့ မိဘတွေက သားသမီးတွေအပေါ် ကျေးဇူးများကြပါတယ်။ အသက်မွေးပေးကြတယ်၊ ပြုစုစောင့်ရှောက်ပေးကြတယ်။ ဒီလောကရဲ့ အကောင်း အဆိုးအမျိုးမျိုးကို ညွှန်ပြတတ်ကြတယ်။ ဒါကြောင့်ပါပဲ။

ပညာရှိတဲ့ သားသမီးဟာ မိဘတွေကို ရှိခိုးရတယ်။ အရိုအသေပြုရတယ်။ မိဘတွေအား ထမင်း၊ အဖျော်၊ အဝတ်၊ အိပ်ရာ နေရာ ပေးရတယ်။ နံ့သာလိမ်းကျံပေးရတယ်။ ရေချိုးပေးရတယ်။ ခြေဆေးပေးရတယ်။ ဆီလိမ်းပေးရတယ်။

အဲဒီလိုပြုစုတဲ့ သားသမီးကို ပညာရှိတွေက ဒီဘဝမှာပဲ ချီးမွမ်းကြတယ်။ နောက်ဘဝမှာ နတ်ပြည်ရောက်ပြီး ဝမ်းမြောက်ရတယ်။

(ပါ၊ ပါဠိ၊ ပ၊ ၁၃၁)

http://www.dhammadownload.com

# ကိုယ့်အိမ်ထဲက ဗြဟ္မာတွေ

ဗြဟ္မာတွေဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ လို့ခေါ်တဲ့ တရား ၄ ပါး ပွားများကြသလို၊ မိဘတွေက သားသမီးတွေအပေါ် အဲဒီတရား ၄ ပါးကို ပွားများကြပါတယ်။ ဒါကြောင့် မိဘတွေဟာ ဗြဟ္မာတွေနဲ့တူပါတယ်။

၁။ ဝမ်းထဲမှာ ရောက်နေတဲ့ကလေးအပေါ် 'ကျန်းကျန်းမာမာနဲ့ ခြေလက်အင်္ဂါ ပြည့်စုံတဲ့ သားလေး သမီးလေးကို ဘယ်အခါမှာ တွေ့ကြရပါမလဲ' လို့ မိဘတွေမှာ မေတ္တာစိတ်ဖြစ်တယ်။

၂။ ကလေးငယ်ဟာ ပက်လက်အိပ်ရင်း ကြမ်းပိုး၊ သန်းစတဲ့ သတ္တဝါလေးတွေ အကိုက်ခံရတဲ့အခါမှာဖြစ်စေ၊ ဆင်းဆင်းရဲရဲအိပ်ရလို့ ပင်ပန်းတဲ့အခါမှာဖြစ်စေ ငိုတယ်၊ အော်တယ်၊ ကလေးငယ်ရဲ့အသံကို ကြားရလို့ မိဘတွေမှာ ကရုဏာဖြစ်တယ်။

၃။ ကလေးက ပြေးလွှားပြီး ကစားနိုင်တဲ့အခါနဲ့ ချစ်စရာ အရွယ်ရောက်နေတဲ့အခါ ကလေးကိုကြည့်ပြီး မိဘတွေရဲ့စိတ်ဟာ ထောပတ်အကြည်ထဲမှာ ထည့်ထားတဲ့ အကြိမ်တစ်ရာဖတ်ထားတဲ့ ဝါဂွမ်းစိုင်ပမာ

http://www.dhammadownload.com



နှုးညှံ့ တယ်၊ ပျော်ရွှင်တယ်၊ ဝမ်းမြောက်တယ်။ အဲဒီအခါ မိဘတွေမှာ မုဒိတာ ဖြစ်တယ်။

၄။ သားသမီးများ အိမ်ထောင်ကျပြီး ကိုယ့်အိမ်နဲ့ကိုယ် နေတဲ့အခါ 'အခု ငါတို့ရဲ့သားသမီးတွေဟာ သူတို့ဘာသာပဲ ရပ်တည်ကြပြီ' လို့ တွေးကာ မိဘတွေမှာ အလယ်အလတ် သဘောဖြစ်တယ်။ အဲဒီအခါမှာ ဥပေက္ခာ ဖြစ်တယ်။

(အံ၊ ၄၊ ၃၊ ၉၉)

http://www.dhammadownload.com

# ပထမဆုံး ဆရာနှစ်ယောက်

မိဘတွေဟာ သူတို့သားသမီးကို ဖွားမြင်လာချိန်ကစပြီး 'ဒီလိုထိုင်၊ ဒီလိုရပ်၊ ဒီလိုသွား၊ ဒီလိုအိပ်၊ ဒီလိုခဲ၊ ဒီလိုစား၊ သူ့ကို အမေလို့ခေါ်၊ သူ့ကို အဖေလို့ခေါ်၊ သူ့ကို အစ်ကိုလို့ခေါ်၊ သူ့ကို အစ်မလို့ခေါ်၊ ဒါကို လုပ်သင့်တယ်၊ ဒါကို မလုပ်သင့်ဘူး၊ သူ့ကို ချဉ်းကပ်သင့်တယ်၊ သူ့ကို မချဉ်းကပ်သင့်ဘူး' လို့ သင်ပြပေးကြတယ်။ နောက်မှ အခြားဆရာတွေက ဆင်စီးအတတ်၊ မြင်းစီးအတတ်၊ ရထားစီးအတတ်၊ လေးပစ်အတတ်၊ လက်နက်အတတ်၊ ဂဏန်းအတတ်စတဲ့ အတတ်ပညာတွေကို သင်ပြပေးကြတယ်။ အခြားသူက ဘုရားစကားကို သင်ယူစေတယ်၊ အခြားသူက ရဟန်းခံပေးတယ်၊ အခြားသူက မဂ်၊ ဖိုလ်တွေကို ရစေတယ်။ အဲဒီဆရာအားလုံးတွေဟာ နောက်ပိုင်းဆရာတွေပဲ။ ပထမဆုံးဆရာတွေကတော့ မိဘနှစ်ပါးပဲ။

(အံ၊ ဋ္ဌ၊ ၃၊ ၉၉)

http://www.dhammadownload.com

# ကျေးမင်းရဲ့စကားသုံးခွန်း

သာလိဒ္ဒိယပုဏ္ဏားရွာမှာနေတဲ့ ပုဏ္ဏားရဲ့ သလေးစပါးခင်းမှာ အခြားကျေးငှက်တွေက ဝအောင်စားပြီး ပြန်သွားတော့ ဘာကိုမှ သယ်ဆောင်မသွားကြပါ။ ဘုရားလောင်း ကျေးမင်းကတော့ သလေးစပါးနှံတွေ အများကြီးကို သယ်ဆောင်သွားပါတယ်။ လယ်စောင့်သမားက ကျော့ကွင်းထောင်ဖမ်းလို့ မိလာတဲ့ ကျေးမင်းကို လယ်ပိုင်ရှင်က မေးလို့ ကျေးမင်းက စကားသုံးခွန်း ပြောပါတယ်။

၁။ ကျွန်ုပ်ဟာ ကြွေးသစ် ပေးပါတယ်။

၂။ ကြွေးဟောင်းဆပ်ပါတယ်။

၃။ ရွှေအိုး မြှုပ်နှံပါတယ်။

ပုဏ္ဏားက နားမလည်တဲ့အတွက် ပြန်မေးလို့ ကျေးမင်းက ဒီလို ရှင်းပြပါတယ်။

၁။ ကြွေးသစ်ပေးတယ်ဆိုတာ ကျွန်ုပ်မှာ အတောင်ပံမပေါက်သေးတဲ့ သားငယ် သမီးငယ်လေးတွေ ရှိပါတယ်။ သူတို့က နောင်ခါ ကျွန်ုပ်ကို ပြန်စောင့်ရှောက်မွေးမြူကြပါလိမ့်မယ်။ ဒါကြောင့် သူတို့အား ကြွေးပေးရပါတယ်။ (သူတို့အတွက်လည်း ချီသယ်ပေးရပါတယ်)

http://www.dhammadownload.com



၂။ ကျွန်ုပ်မှာ အရွယ်လွန်နေတဲ့ မိအို ဖအိုတွေ ရှိပါတယ်။ သူတို့အား ကြွေးဟောင်း ဆပ်ရပါတယ်။ သူတို့အတွက်လည်း သယ်ဆောင်သွားရပါတယ်။

၃။ အခြားအတောင်မရှိတော့တဲ့ အလွန်အားနည်းနေတဲ့ ငှက်တွေ ရှိပါတယ်။ ကုသိုလ်ရလိုလို့ သူတို့အတွက်လည်း သယ်ဆောင်သွားပါတယ်။ အဲဒါကို ရွှေအိုး (အနုဂါမိကရွှေအိုး) မြှုပ်တယ်လို့ ပညာရှိတွေက ဆိုကြပါတယ်။

(ဇာတက၊ ပါဠိ၊ ပ၊ ၂၇၆)

ဓနီးမောင်နှံနှစ်ဦးဟာ ဘုရားလောင်းကျေးမင်းပမာ ကြွေးသစ်လည်း ပေးကြရပါမယ်။ ကြွေးဟောင်းလည်း ဆပ်ကြရပါမယ်။ ရွှေအိုးလည်း မြှုပ်နှံရပါမယ်။

**သာမဏေကျော်**

**ဝါခေါင်လပြည့်ကျော် ၉ ရက်၊ ၆၃ ခု၊**

**၁၂၊ ၉၊ ၂၀၀၁။**